မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၆၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများကို ဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၁၆

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အထမြောက်

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃) ဦး ရှိသည့်အနက် (၄၃၀) တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၃၁ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း၏ "**အောင်ပန်း- ဟန်မြင့်မိုရ်လမ်း အဆင့်မြှင့်ပြင်ဆင်ပေးရန် အစီအစဉ်**"နှင့် စပ်လျဉ်းသည့် မေးခွန်း၊ မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး၏ "**မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးကို ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း**" နှင့် စပ်လျဉ်းသည့် မေးခွန်း၊ မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ "**မန္တလေး - ဗန်းမော် မော်တော်ကားလမ်းကို ပြုပြင်မွမ်းမံထိန်းသိမ်းပေးခြင်းနှင့် အဆင့်မြှင့်တင်ပေးခြင်း**"နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ပူတာအိုမဲဆန္ဒနယ်မှ ဦးယောဒိဋ္ဌေ၏ "**ဆွမ်ပရာဘွမ်နှင့် ပူတာအိုအကြား မော်တော်ကားလမ်းကို ရာသီမရွေးသွားလာနိုင်ရန် မည်သို့စီမံထားရှိသည်ကို သိလိုကြောင်း**"နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် သိန္နီမဲဆန္ဒနယ်မှ စိုင်းဝင်းခိုင်၏ "**ရာသီအလိုက်သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချခွင့်**"နှင့် စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးတို့က ပြန်လည်ဖြေကြားကြသည်။

အဆုံးအဖြတ်ရယူ

ဆက်လက်၍ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ "**ပင်စင်လစာငွေများကို နှုန်းအလိုက် ကွဲပြားစွာ ခံစားနေရသည့်အတွက် ယခုခေတ် ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် သို့မဟုတ် အဆင့်သုံးဆင့် စဉ်းစားခွဲခြားထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်းပေးပါရန်**"အဆိုနှင့် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ "**တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများကို တည်ငြိမ်သောဈေးရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခသတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင်အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန်**" အဆိုများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို၏ "**မဟာဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အား ရရှိထားပြီးသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များနည်းတူ မရရှိသေးသည့် အချို့သော တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ လျှပ်စစ်မီတာခနှုန်းထားများကို တစ်ပြေးညီနှုန်းထားဖြင့် ကောက်ခံခြင်းပြုပါရန်**" အဆိုနှင့် မရမ်းကုန်းမဲဆန္ဒနယ်မှ ဦးပွင့်ဆန်း၏ "**နိုင်ငံတကာအဆင့်မီ လူမှုဖူလုံရေးဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်**"အဆိုများကို တင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို မတ်လ (၂၁) ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မတ် ၁၇ ရက်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင်စွမ်းဆောင်

နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိရာ မက်စ်မြန်မာကုမ္ပဏီမိသားစုက ပြုပြင်မွမ်းမံဆောက်လုပ်လှူဒါန်းသော ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ရန်ကင်းမြို့နယ် ကန်ဘဲ့လမ်းရှိ အဆိုပါဆေးရုံသစ်ကြီးမျက်နှာစာ၌ မတ်လ ၁၃ ရက်နေ့က ကျင်းပခဲ့သည်။

မျိုးဆက်သစ်ကလေးသူငယ်များအား နိုင်ငံတော်က အားထားရသည့် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများဖြစ်ရန် ငယ်ရွယ်စဉ်ဘဝကတည်းက ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ယင်းသို့ ပြုစုပျိုးထောင်ရာ၌ ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိရန် လိုအပ်ပေသည်။

အဆိုပါအချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ရန်ကင်းကလေးဆေးရုံကြီးကို ဖွင့်လှစ်လိုက်ရာ ယခုအခါ ကလေးများ အားကိုးအားထားပြုနိုင်သော နောက်ထပ်အဆင့်မြင့် ကလေးဆေးရုံကြီးတစ်ရုံ တိုးလာခဲ့ပြီဖြစ်သည်။ ဆေးပညာသင်ကြားရေးအနေဖြင့်လည်း ရန်ကုန် ဆေးတက္ကသိုလ်(၂)၏ သင်ကြားရေးဆေးရုံအဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်သဖြင့် ကလေးအထူးကု ဘွဲ့လွန်သင်တန်းသားများနှင့် ဘွဲ့ရဆေးကျောင်းသားများအတွက်ပါ ဆေးပညာသင်ကြားခွင့် ပိုမိုရရှိ အကျိုးပြုနိုင်မည်ဖြစ်သည်။

ယင်းဆေးရုံသစ်ကြီးကို ထပ်မံဖွင့်လှစ်နိုင်ခြင်းဖြင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး အရှေ့ခြမ်းမြို့နယ်များဖြစ်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)၊ သန်လျင်၊ ကျောက်တန်း အစရှိသည့် မြို့နယ်များရှိသည့် မျိုးဆက်သစ်ရင်သွေးငယ်များကို ခေတ်မီဆေးပညာ၊ နည်းပညာများအသုံးပြုပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်စောင့်ရှောက် ကုသပေးနိုင်မည်ဖြစ်သည်။

ယခုအခါ ပြည်သူများအားကိုးအားထားပြုရာ ပြည်သူ့ဆေးရုံကြီးများ တိုးတက်ပေါ်ထွန်းလာခဲ့သည်နှင့်အညီ ကျန်းမာရေးဝန်ထမ်းများကလည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင်ကြိုးပမ်းစွမ်းဆောင်သွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

တာမွေမြို့နယ် သဃ်န်းကျွန်းလေးထောင့်ကန်လမ်း အမှတ် ၃၄ နေ ILBC Secondary(4) မှ ကျောင်းသားကျောင်းသူနှင့် ဆရာ ဆရာမများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၂၅၂၅၀လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် အဖွဲ့ဝင် ဒေါ်ချောကလျာတို့ လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

ဖွံ့ဖြိုးမှုပညာ မဟာဘွဲ့သင်တန်း မဟာဘွဲ့ရသူ ၂၀၀ ကျော်မွေးထုတ်ပေးခဲ့

ရန်ကုန် မတ် ၁၆

ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာန ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (M.DevS) သင်တန်းမိသားစု၏ ပထမအကြိမ် မိတ်ဆုံစားပွဲကို မတ် ၁၂ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားပြီး ဘောဂဗေဒဌာနဖွံ့ဖြိုးမှုပညာ မဟာဘွဲ့သင်တန်း တာဝန်ခံပါမောက္ခဒေါ်ရီအေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဘောဂဗေဒဌာန ဖွံ့ဖြိုးမှုပညာ မဟာဘွဲ့သင်တန်း အမှတ်စဉ်(၆)မှ ဒေါက်တာနေစိုးမောင်က Master of Development Studies (M.DevS) မိသားစုနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းတင်ပြသည်။

စိုက်ထူလှူဒါန်း

ယင်းနောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဖွံ့ဖြိုးမှုပညာ မဟာဘွဲ့သင်တန်းသို့ ၂၀၀၂ ခုနှစ်မှ ယနေ့အထိ တက်ရောက်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများက ဘောဂဗေဒပညာသင်ဆုအတွက် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းကြသည်။

ဘောဂဗေဒဌာန ဖွံ့ဖြိုးမှုပညာ မဟာဘွဲ့သင်တန်းတွင် ၂၀၀၂ခုနှစ်မှ ယနေ့အချိန်အထိ မဟာဘွဲ့ရသူပေါင်း ၂၄၇ ဦး မွေးထုတ်ပေးခဲ့ပြီး လက်ရှိပညာသင်နှစ်တွင် သင်တန်းသား သင်တန်းသူပေါင်း ၁၆၈ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

မော်လမြိုင်ကျွန်းမြို့နယ် လပွတ်ကွဲနုံးတန်းကျေးရွာ တွဲဖက်မူလတန်းကျောင်း အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယတန်းတွင် ဘက်စုံထူးချွန် ပထမဆုရ ကျောင်းသူ မဆုမြတ်မွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မွန်သန့် ဆုချီးမြှင့်စဉ်။
(ဝ၆၅)

အင်္ဂပူမြို့နယ် မဲဇလီကုန်း ဗိုလ်အောင်ကျော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၆ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

IT & Mobile Exhibition (2011 March)

ပြပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

Mobile နှင့် Computer ပစ္စည်းများ ဈေးကွက်အတွင်းရှိရောင်းချသူနှင့် သုံးစွဲသူများအကြား တိုက်ရိုက်ထိတွေ့ရောင်းချနိုင်ရန်၊ လုပ်ငန်းရှင်များမှ ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် မိမိတို့ကုန်ပစ္စည်းများ၏ အားနည်းချက်၊ အားသာချက်ကိုသိရှိ၍ ပစ္စည်းအရည်အသွေးကို ပိုမို မြှင့်တင်လာနိုင်စေရန်နှင့် ဈေးနှုန်းများလျှော့ချလာနိုင်စေရန်၊ ဈေးကွက်စီးပွားရေးစနစ်ကို တစ်စိတ်တစ်ပိုင်း အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် 1st Myanmar IT & Mobile Exhibition (2011 March)ပြပွဲကို မတ် ၁၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ပြသ

အဆိုပါပြပွဲတွင် ADATA, Acer, Alliance Stars, Artwork, Asia Tech, ASUS, BELKIN, Blu Ray, Citicom, Concordia, Creative Web, CTT, Cyber City, DCD, DPS, Era Technology, Espon, eTrade, Fidonet, Global တို့အပါအဝင် ကုမ္ပဏီပေါင်း ၆၆ ခုပါဝင်ပြသကြမည်ဖြစ်ပြီး ပြခန်းပေါင်း ၁၅၄ခန်း ဝင်ရောက်ပြသကြမည်ဖြစ်သည်။ ယင်းပြပွဲတွင် Mobile ကုမ္ပဏီများ၊ Scanner, Printer, Projector ကုမ္ပဏီများ၊ Camera ကုမ္ပဏီများ၊ Electric Pen & Dictionary ကုမ္ပဏီများ၊ Wimax ကုမ္ပဏီများ၊ IT Software & Solution Provider များ၊ သင်တန်းကျောင်းများ၊ IT ကုမ္ပဏီများ အစရှိသည့် ကုမ္ပဏီများမှ ဝင်ရောက်ပြသကြမည်ဖြစ်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

မသန်စွမ်းသူများအတွက် အခမဲ့ ကွန်ပျူတာသင်တန်း ဖွင့်မည်

ရန်ကုန် မတ် ၁၆

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများအလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် ကွန်ပျူတာသင်တန်းများကို အောက်မြန်မာပြည် ရန်ကုန်ရုံးချုပ်နှင့် အထက်မြန်မာပြည် မန္တလေးရုံးတို့တွင် အခမဲ့သင်ကြားပေးလျက်ရှိရာ သင်တန်းတက်ရောက်လိုသူ မသန်စွမ်းသူများနှင့် ပါဝင်လှူဒါန်းလိုသူများသည် အမှတ်(၄) ၃၃ လမ်း ၆၇ × ၆၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။
(ရွှေမင်းသားဖောင်ဒေးရှင်း)

မီးသတိပြု ကာကွယ်မှု ပေါင်းစုဆောင်ရွက်ကြ

ရောင်စုံခဲတံများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် မတ် ၁၆

ပန်းချီပညာရှင်များနှင့် ပန်းချီဝါသနာရှင်များအတွက် အရည်အသွေးမြင့် Stabilo အမှတ်တံဆိပ် ရောင်စုံခဲတံများကို Salient Trading Co., Ltd.မှ တင်သွင်းဖြန့်ဖြူးလျက်ရှိပြီး ခဲပန်းချီရေးဆွဲရန်အတွက် Othello Graphite ခဲတံ 4H, 3H, 2H, H, HB, F, B1, B2, B3, B4 ခဲအပျော့၊ အမာ ၁၀မျိုး ရရှိနိုင်သည်။

မည်သည့် မျက်နှာပြင်မျိုးပေါ်တွင်မဆို (မှန်၊ပလတ်စတစ်၊သတ္တု) ရေးဆွဲနိုင်သော အရည်အသွေးအမြင့်မားဆုံး Stabilo All ရောင်စုံခဲတံများ ရရှိနိုင်သည်။ အရောင်ရှစ်မျိုး ရရှိနိုင်ပြီး ကုမ္ပဏီ၊ အရောင်းဆိုင်များ၏ Win-



dow မှန်များတွင် ရာသီလိုက်ပန်းချီများ ရေးဆွဲရန်သင့်လျော်သည်။

ရွေးချယ်ဝယ်ယူနိုင်

ပန်းချီရေးဆွဲသူများနှင့် သင်ယူနေသူများအတွက် Stabilo Trio Thick ခဲသား 4.2mm သုံးထောင့်ရောင်စုံခဲတံများကိုလည်း ၁၈ရောင်တင်သွင်းခဲ့ပြီး အရောင်တစ်ခုချင်း ရောင်းချပေးသောကြောင့် မိမိစိတ်ကြိုက် တစ်ရောင်ချင်းစီ ရွေးချယ်ဝယ်ယူနိုင်သည်။

Fibrc-tip pen အနေဖြင့် Stabilo Trio A-Z နှင့် Stabilo Power နှစ်မျိုးရရှိနိုင်ကာ ကလေးများ၏ အဝတ်အစားတွင် စွန်းထင်းမိလျှင်လည်း ပြန်လည်လျှော်ဖွပ်နိုင်သည်။ Stabilo Power ၏ အဓိကအရည်အသွေးမှာ အဖုံးဖွင့်၍ ငါးပတ်အထိ ထားရှိနိုင်ခြင်းဖြစ်သည်။

ဆက်သွယ်ရန်လိပ်စာမှာ Salient Trading Co., Ltd. အမှတ် ၂၂ ၄၀၁ လမ်း စောရန်ပိုင်(တောင်)ရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၅၁၁၀၊ ၇၀၃၁၆၅ နှင့် ဖက်စ်-၂၁၀၇၈၂ တို့ထံသို့ မှာယူနိုင်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

ဝ ကျောဖုံးမှ

ထိုသို့တွေ့ဆုံရာ၌ မြန်မာ့ဘောလုံးအဆင့်အတန်းတိုးတက်မြင့်မားရေး၊ မြန်မာနိုင်ငံတွင် ဖွင့်လှစ်မည့် ဘောလုံးအကယ်ဒမီများ အဆင့်မြှင့်တင်ရေးနှင့် မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Joseph S. Blatter နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးညွှန့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့်တည်ခင်း

တည်ခင်းဧည့်ခံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် **General Political Department မှ Deputy Director, Lieutenant General, Jia Tingan** ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ရှိ မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ လေ့လာရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံတရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်General Political Department မှ Deputy Director,Lieutenant General Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား မတ် ၁၅ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ရှိ မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှDeputy Director, Lieutenant General, Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Li Junhua နှင့် စစ်သံမှူး Senior Colonel Xiong Shaowei တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မတ် ၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ လေ့လာရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှ Deputy Director,Lieutenant General,Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ **(ယာပုံ)**

အဆိုပါ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၂ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့များသို့ သွားရောက် လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၃-၂၀၁၁
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး- မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၈။ အကပဒေသာ
၈:၂၀ ၉။ အတီးပြိုင်ပွဲ
၈:၂၅ ၁၀။ **လက်ဆေးပြီးပြီလား**
၈:၃၀ ၁၁။ (၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၂။ International News
၈:၄၅ ၁၃။ တေးဂီတအစီအစဉ်
၉:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ **နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ**
၄:၄၀ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
၄:၅၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ- ဒုတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၈။ (၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၅:၂၅ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅:၃၀ ၁၀။ **အကျွရာများကပြောသောစကား**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၄၅) ရွှေပန်းချီ၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ကိုလင်း၊ကိုရဲ၊ စိုပြည် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၁၇)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၁၈)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၂)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၄၅)
၂၂။ အစီအစဉ်ပြီး၏။

ရှင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၏ အောင်ပန်း-ဟန်မြင့်မိုရ်လမ်း အဆင့်မြှင့်ပြင်ဆင်ပေးရန် အစီအစဉ်နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ရှင်မဲဆန္ဒနယ်မှ ဦးအောင်သိန်းက **နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့မှုပေါ်တွင် မူတည်ပါကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မြန်မာပြည်အထက်ပိုင်း ဆက်သွယ်ရာ ဗျူဟာလမ်းဖြစ်သော အောင်ပန်း-ဟန်မြင့်မိုရ်လမ်းသည် ဖွံ့ဖြိုးတိုးတက်မှုနည်းနေသေးသည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အဓိကလမ်း ဖြစ်ပါသဖြင့် အဆိုပါလမ်းအား အဆင့်မြှင့်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးမြန်းသည်။

ပို့ဆောင်နိုင်

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဟန်မြင့်မိုရ်-မြို့ကြီး-ရှင်-အောင်ပန်းလမ်းမှာ (၇၉)မိုင် (၁)ဖာလုံ ရှည်လျားပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ကို ဆက်သွယ်ထားသော ဒေသအတွင်း အရေးပါသည့် လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ ၁၉၈၂ ခုနှစ်ထိ ကျောက်ကြမ်းလမ်း အဆင့်သာရှိပြီး ကျောက်တောင်လမ်းကျဉ်းကွေ့များကြောင့် သွားလာအသုံးပြုမှု နည်းပါးခဲ့ပါကြောင်း၊ ယင်းလမ်းသည် အောင်ပန်း၊ ပင်းတယဒေသမှ အဓိကထွက်ကုန်များကို မန္တလေးတိုင်းဒေသကြီးသို့ အချိန်အတိုဆုံး ပို့ဆောင်နိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျသည့်လမ်းကြောင်း ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ၁၉၉၃ ခုနှစ်မှစတင်၍ ကတ္တရာလမ်းအဆင့်မြှင့် ဆောင်ရွက်ခဲ့ရာ ၁၉၉၆ ခုနှစ်တွင် (၁၂)ပေ အကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း။

၂၀၀၄-၂၀၀၅ ခုနှစ်မှ စတင်၍ မြို့ကြီးဆည်တည်ဆောက်ရေးလုပ်ငန်းသုံး ယာဉ်ကြီးများ ဖြတ်သန်းမှုများပြားခြင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကုန်စည်များကို သယ်ယူပို့ဆောင်သည့် ယာဉ်ကြီးများ ဖြတ်သန်းအသုံးပြုမှု များပြားလာခြင်းတို့ကြောင့် လမ်းမျက်နှာပြင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

ရှင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ဤလမ်းသည် မန္တလေးတိုင်း ဒေသကြီးအပိုင်း (၁၀)မိုင် (၆)ဖာလုံ ပါဝင်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း (၆၈)မိုင် (၃)ဖာလုံအရှည် ပါဝင်ပါကြောင်း၊ လမ်းမျက်နှာပြင် ပျက်စီးမှု အခြေအနေမှာ မန္တလေးတိုင်းဒေသကြီး အပိုင်းမှာ (၁)မိုင်ခန့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အပိုင်းမှာ (၉)မိုင်ခန့် စုစုပေါင်း (၁၀)မိုင်ခန့်ရှိပါကြောင်း။

တိုးမြှင့်ဆောင်ရွက်

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)မှ (၃)မိုင် (၆)ဖာလုံကို မျက်နှာပြင်ညှိရေပိတ်လွှာခင်းခြင်း၊ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်အတွက် ကျန်ရှိသော (၆)မိုင် (၂)ဖာလုံကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ကျောက်တောင်လမ်းကျဉ်းနေရာများကိုလည်း ယခုနှစ်၌ (၂)ဖာလုံ ကျောက်မိုင်းခွဲ လမ်းချဲ့နိုင်ခဲ့ပြီး လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ထို့အပြင် **(၅)ပေအရှည်၊ (၂၈) ပေအကျယ် သံကူကွန်ကရစ်တံတား (၂)စင်း အသစ်တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ တံတားများကိုလည်း နှစ်အလိုက်တိုးချဲ့ဆောင်ရွက်ခဲ့ရာ ယခုနှစ် မန္တလေးတိုင်းဒေသကြီး အပိုင်းတွင် (၈၆)ပေ အရှည်ရှိ တံတားအမှတ် (၁/၇) နွားတက်တံတားကို သံကူကွန်ကရစ်တံတားအဆင့် တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး (၅)ပေအရှည်၊ (၂၈)ပေ အကျယ် သံကူကွန်ကရစ်တံတားအသစ် (၁)စင်း၊ မူလ (၁၂)ပေအကျယ် သံကူကွန်ကရစ်တံတား (၆)စင်းကို (၂၈)ပေ ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။**

ဖော်ပြပါ တိုးတက်ပြုပြင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများသည် အနီးစပ်ဆုံးဖြစ်သည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တစ်နှစ်တည်းကိုသာ တင်ပြခြင်းဖြစ်ပြီး ယခင်နှစ်များကလည်း အလားတူ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

ယခုအခါ မူလမျက်နှာပြင် ကြမ်းတမ်းသည့် (၃)မိုင် (၆)ဖာလုံကို မျက်နှာပြင်ညှိရေပိတ်လွှာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ကျန်အပိုင်းများကို မျက်နှာပြင်ချောမွေ့စေရန် ဆောင်ရွက်လျက်ရှိသည့်အတွက် ယခင်ကာလထက် ချောမွေ့စွာ သွားလာနိုင်ကြောင်းကို ကိုယ်စားလှယ်တော်ကြီး ပြန်လည်ရောက်ရှိသည့်အခါ တွေ့ရှိရမှာဖြစ်ပါကြောင်း။

ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းအလိုက်၊ ဦးစားပေးအဆင့်အလိုက် စီမံချက်ချမှတ်၍ နှစ်စဉ်ဆောင်ရွက်သွားမှာဖြစ်သည့်အပြင် ဟန်မြင့်မိုရ်-မြို့ကြီး-ရှင်-အောင်ပန်းလမ်းကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

ပြန်လည်ဖြေကြား



ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦး ခင် မောင် မြင့် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

မိုးညှင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၏ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးကို ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေးက **နိုင်ငံတော်အနေဖြင့် နိုင်ငံအဝန်းဒေသအားလုံး တတ်နိုင်သမျှ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေခံကျသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးရာတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိုလည်း ဦးစားပေးအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မိမိတို့ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများအကြား ကားလမ်းနှင့် ရထားလမ်းများကို ဆက်သွယ်ဖောက်လုပ်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် လွန်စွာကျေးဇူးတင် ဝမ်းမြောက်ခဲ့ကြရပါကြောင်း။**

အဆင့်မြှင့်တင်

အထူးသဖြင့် မိုးညှင်းနှင့် မြစ်ကြီးနားမြို့နယ်များမှ ပြည်သူများသည် ခရီးသွားလာရေး၌ ရထားလမ်းနှင့်ကားလမ်းကိုသာ အဓိကမှီခိုအားထား သွားလာနေကြရပါကြောင်း၊ မန္တလေး-ရွှေဘို-မြစ်ကြီးနားကားလမ်းကြောင်းသည် စတင် တည်ဆောက်ပြီးစီးစဉ်က လွန်စွာကောင်းမွန်ခဲ့ပြီး မြစ်ကြီးနားမှ မန္တလေးမြို့အထိ (၈) နာရီခန့်ဖြင့် ခရီးပေါက်ခဲ့သော်လည်း ယခုအခါ ပျက်စီးနေသည့်လမ်းအပိုင်းများစွာရှိနေပြီး ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများက မီအောင် မလိုက်နိုင်သည့်အတွက် ခရီးသွားလာခြင်း၊ ကုန်စည်ပို့ဆောင်ခြင်းများတွင် အချိန်ကြန့်ကြာပြီး အားထားသင့်သလောက် အားထားအသုံးပြုနိုင်ခြင်း မရှိတော့ပါကြောင်း၊ အထူးသဖြင့် မိုးရာသီကာလများတွင် လမ်းနှင့်တံတားများ ပိုမိုပျက်စီးလေ့ရှိခြင်းကြောင့် ခရီးသွားပြည်သူများအတွက် လွန်စွာ အဆင်မပြေဖြစ်ကြရပါကြောင်း၊ ထို့ကြောင့် မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းသည် (၃၅၉)မိုင်ရှည်လျားပြီး မူလရှိပြီး မန္တလေး-ရွှေဘိုလမ်းနှင့် ဆက်စပ်လျက် ရွှေဘိုမှ မြစ်ကြီးနားသို့ လမ်းသစ်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

၁၉၆၂-၆၃ ခုနှစ်မှ အဆင့်ဆင့်ခက်ခဲစွာ ဖောက်လုပ်ခဲ့ရပြီး မြေသားလမ်း၊ ကျောက်လမ်းမှ (၁၂) ပေအကျယ် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအပိုင်းတွင် ၁၉၉၄-၉၅ မှစတင်ပြီး ၁၉၉၆ ခုနှစ် စက်တင်ဘာလတွင်ပြီးစီး၍ ကတ္တရာလမ်းသစ်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ကချင်ပြည်နယ်အပိုင်းတွင် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလတွင် ကတ္တရာလမ်းသစ် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ရွှေဘို-မြစ်ကြီးနားလမ်းမကြီးမှာ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလတွင် အားလုံး ကတ္တရာလမ်းအဆင့် ရောက်ရှိခဲ့ပြီး ဖြစ်ပါကြောင်း။

ကတ္တရာလမ်းအဆင့်ရောက်ရှိသည်မှစ၍ ရွှေဘို-မြစ်ကြီးနားလမ်းသည် ဒေသတွင်းအရေးပါသည့် လမ်းတစ်လမ်းဖြစ်ခဲ့ပြီး အဆင့်မီကောင်းမွန်သည့် လမ်းတစ်လမ်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည့် လမ်းဖြစ်ပါကြောင်း။

မိုးညှင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးလေး မေးမြန်းစဉ်။ (သတင်းစဉ်)

လွန်ကဲစွာတင်ဆောင်

ဆက်လက်၍ ထိန်းသိမ်းခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးနှင့် ကချင်ပြည်နယ် အင်ဂျင်နီယာမှူးကြီးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရွှေဘိုခရိုင်၊ ကသာခရိုင်၊ မိုးညှင်းခရိုင်၊ မြစ်ကြီးနားခရိုင် အင်ဂျင်နီယာမှူးများနှင့် မြို့နယ်အင်ဂျင်နီယာများက နှစ်စဉ် စဉ်ဆက်မပြတ် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း အောက်ခံမြေသားအားနည်းခြင်း၊ တောင်ပေါ်လမ်းပိုင်းများတွင် မိုးရွာသွန်းမှုများပြားခြင်း၊ ဖားကန့်ဒေသသို့ စက်ယန္တရားကြီးများ ရွှေ့ပြောင်းသယ်ယူခြင်း၊ ပုဂ္ဂလိကသစ်လုံးတင်ယာဉ်ကြီးများ လွန်ကဲစွာတင်ဆောင်ဖြတ်သန်းခြင်းများကြောင့် လမ်း၏ ခံနိုင်ဝန်ကျဆင်းလာပြီး သတ်မှတ်ကာလမရောက်မီ ပျက်စီးခဲ့ရပါကြောင်း။

ယခုအခါ လမ်းအဆင့်နိမ့်ကျလျက်ရှိသည့် ရွှေဘို-မြစ်ကြီးနားလမ်းမကြီးကို သတ်မှတ်ကာလအတွင်း ကောင်းမွန်စွာ ပြီးစီးနိုင်အောင် တိုင်းရင်းသားကုမ္ပဏီများနှင့် ပူးပေါင်း၍ B.O.T (Build Operate Transfer) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများ၏ စက်အင်အား၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့များ၏ အင်အားများ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေတောင်ကုမ္ပဏီက B.O.T စနစ်ဖြင့် မိုင် ၂၇/၀ မှ ၇၇/၄ ထိ မိုင် (၅၀) (၄)ဖာလုံကို (၂၄)ပေအကျယ် တန်(၆၀)ခံ လမ်းလွှာပုံစံဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း။

ဆုထူးပန်ကုမ္ပဏီက B.O.T စနစ်ဖြင့် မိုင် ၁၄၀/၀ မှ ၁၆၈/၀ ထိ (၂၈)မိုင်ကို (၁၂)ပေအကျယ် ကတ္တရာလမ်းအဆင့် (၁၈)မိုင် ဆောင်ရွက်ခဲ့ပြီး ကျန် (၁၀)မိုင်ကို ဒု-အခြေခံလွှာတင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း။

အစားထိုးပြုပြင်

ခိုင်မာသောပန်းတိုင် ကုမ္ပဏီက B.O.T စနစ်ဖြင့် မိုင် ၁၆၈/၀-၂၅၇/၀ထိ (၈၉)မိုင်ကို မူလကတ္တရာလမ်းအဆင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ပျက်စီးလျက်ရှိသည့် လမ်းပိုင်းများကို အောက်ခံမြေအစားထိုးပြုပြင်ခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

လီဒိုဟိုင်းဝေးကုမ္ပဏီက B.O.T စနစ်ဖြင့် မိုင် ၂၅၇/၀-၂၈၉/၀ ထိ (၃၂) မိုင်ကို ကတ္တရာလမ်းအဆင့် ထိန်းသိမ်းခြင်းနှင့် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း။

B.O.T ကုမ္ပဏီများက မိမိတာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းအပိုင်းများတွင် လက်ရှိလမ်းအား ချောမွေ့စွာ သွားလာနိုင်ရေး ဆောင်ရွက်ခြင်း၊ မူလ (၁၂)ပေအကျယ် ကတ္တရာလမ်းကို ဆက်လက်ထိန်းသိမ်းခြင်း၊ တန် (၆၀)ခံ သတ်မှတ်လမ်းလွှာပုံစံဖြင့် (၂၄)ပေအကျယ် ကတ္တရာလမ်းဆောင်ရွက်ခြင်း၊ လမ်းအထောက်အကူပြုလုပ်ငန်းများဖြစ်သည့် မြေထိန်း၊ မြေကာနံရံများ၊ တံတားကြီး၊ တံတားငယ်များ၊ ရေထုတ်မြောင်းများ၊ ရေပြွန်များ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ထိ B.O.T ကုမ္ပဏီ (၄)ခုက ဆောင်ရွက်သည့် (၂၆၁)မိုင် (၄)ဖာလုံကို လမ်းချောအဆင့် ဆောင်ရွက်ပြီးစီး၍ မိုင်(၁၂၀)ကို (၁၂)ပေအကျယ် ကတ္တရာလမ်း ထိန်းသိမ်းခြင်းနှင့် မိုင် (၃၀)ကို (၂၄)ပေအကျယ် ကတ္တရာလမ်းတိုးချဲ့ခြင်း လုပ်ငန်းများကို စက်ယာဉ်ယန္တရားအင်အားအစီး (၉၀)ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၏ လမ်းပျက်စီးမှု အများဆုံးဖြစ်သည့် မင်းဝံတောင်အပိုင်းတွင် မိုင် ၇၇/၄ မှ ၁၄၀/၀ ထိ (၆၂)မိုင် (၄)ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် တိုင်းရင်းသားကုမ္ပဏီ (၉)ဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အဖွဲ့ (၂)ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများမှ စက်အင်အား၊ လူအင်အားတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့များနှင့် ကုမ္ပဏီအဖွဲ့များက ဆောင်ရွက်သည့် (၆၂)မိုင်တွင် လုပ်ငန်းပြီးစီးမှုအခြေအနေမှာ လမ်းတာပေါင်အကျယ် ပေ (၅၀)ချဲ့ခြင်း (၂၆)မိုင် (၄)ဖာလုံ၊ လမ်းတာပေါင် (၃)ပေ မြှင့်တင်ခြင်း (၅)မိုင်၊ (၁၂)ပေအကျယ် လမ်းသစ်ခင်းခြင်း (၃)မိုင် (၆)ဖာလုံတို့ကို ဆောင်ရွက်ပြီးစီး၍ စက်ယာဉ်ယန္တရား (၅၅)စီးတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းလုပ်ငန်းများနှင့် တစ်ပြိုင်တည်း တံတားကြီး၊ ငယ် (၄၂၈) စင်းကိုလည်း အဆင့်မြှင့်တင် တည်ဆောက်နိုင်ခဲ့ပါကြောင်း။

အောင်မြင်စွာဖွင့်လှစ်

ယခင်ကာလများက ချောင်းရေကျချိန်စောင့်ဆိုင်း၍ ခက်ခဲစွာကူးခဲ့ရသော မိုင်တိုင် ၇၇ ရှိ ဇော်ချောင်းတံတားကို ပေ(၁၈၀)အရှည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားကြီးအဖြစ် တည်ဆောက်၍ (၂၁-၁-၂၀၁၁)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် ယခင်က ကုန်စည်စီးဆင်းမှုကို အဟန့်အတားဖြစ်နေသည့် နန်းခွင်တံတားကိုလည်း တန် (၆၀)ခံ ပေ (၃၅၀)ရှည်ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မနှင့် (၂)လမ်းမောင်း တံတားကြီးအဖြစ် တည်ဆောက်လျက်ရှိပြီး မကြာမီ အောင်မြင်စွာ ဖွင့်လှစ်နိုင်တော့မည် ဖြစ်သည့်အပြင် ပေ (၂၈၀)ရှည် မံရွတ်ဘေလီတံတား၏ ကမ်းကပ်ခုံ (၂)ခုနှင့် ရေလယ်တိုင် (၂)ခုတို့ကို ရေတွင်းခွေအုတ်မြစ်နှင့် သံကူကွန်ကရစ်တိုင်အဖြစ် အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်းတစ်လမ်း သက်တမ်းပြည့် အသုံးပြုနိုင်ရန်ဆိုရာတွင် လမ်းအသုံးပြုသူများ၏ စည်းကမ်းလိုက်နာမှုနှင့် အသိရှိမှုသည် အလွန်အရေးကြီးပါကြောင်း၊ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်သည့် တန်ပိုယာဉ်ကြီးများ ဖြတ်သန်းအသုံးပြုနေမည်ဆိုလျှင် (၁၀)နှစ်ခံမည့်လမ်းသည် (၂)နှစ်၊ (၃)နှစ်ဖြင့် ပျက်စီးသွားမည်ဖြစ်ပါကြောင်း၊ ဤသို့ လမ်းများ ပျက်စီးမှုသည် နိုင်ငံတော်အတွက်ရော ဒေသခံပြည်သူများအတွက်ပါ ဆုံးရှုံးမှုဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်တော်ကြီးကတစ်ဆင့် ဒေသခံပြည်သူများအား မေတ္တာရပ်ခံလိုသည်မှာ မိမိဒေသအတွင်းမှ ပြည်ထောင်စုလမ်းမကြီးများ မပျက်စီးရအောင် ကုန်တင်ယာဉ်ကြီးများ စနစ်တကျ စည်းကမ်းရှိစွာဖြင့် တင်ဆောင်အသုံးပြုရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပေးကြပါဟု မေတ္တာရပ်ခံလိုပါကြောင်း။

ထို့ကြောင့် မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးသည် နိုင်ငံတော်နှင့် ဒေသအတွက် အရေးပါသော လမ်းမကြီးဖြစ်သည့်အားလျော်စွာ အချိန်တိုအတွင်း စံချိန်စံညွှန်းပြည့်မီသော လမ်းတစ်လမ်းဖြစ်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းချဲ့ခြင်း၊ လမ်းသားအဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းခြင်း၊ တံတားများအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးစီးသွားသောလမ်း တံတားများကိုလည်း ရေရှည်တည်တံ့ အသုံးပြုနိုင်ရေးအတွက် ကိုယ်စားလှယ်တော်ကြီးမှတစ်ဆင့် ဒေသခံပြည်သူများအား ရှင်းလင်းဆွေးနွေး ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၃-၂၀၁၁

(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၃ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၇။ မြန်မာ့ရှုခင်း
- ၇:၄၅ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ ဦးတည်ချက်(၁၂)ရပ်
- ၈:၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၃၅ ၇။ ဗီစီဒီကျော်ကြားတေး
- ၄:၄၅ ၈။ မွေးမြူသုတ
- ၄:၅၀ ၉။ မြန်မာသံစဉ် ချိုနားဝင်
- ၄:၅၅ ၁၀။ မီးသတိပေးနှိုးဆော်ချက်
- ၅:၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၄၈)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၅။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၆။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၅ ၁၇။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၆)
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၁၉)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဦးတည်ချက်(၁၂)ရပ်
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၅။ ကုန်သွယ်သုတ
- ၂၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း-၁၇)
- ၂၈။ ဂီတရင်ခုန်သံ

မံစီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၏ မန္တလေး - ဗန်းမော် မော်တော်ကားလမ်းကို ပြုပြင်မွမ်းမံထိန်းသိမ်းပေးခြင်းနှင့် အဆင့်မြှင့်တင်ပေးခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက **ယခုအချိန်တွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ ယခင် ကာလများနှင့်မတူ ချောမွေ့စွာသွားလာ နိုင်အောင် စီစဉ်ဆောင်ရွက်ပေးသည့် အတွက် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကိစ္စအဝဝတွင် အဆင်ပြေတိုးတက်လာပြီး ပြည်သူများ စိတ်ချမ်းမြေ့ကြရပါကြောင်း၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး အကြားတွင် မန္တလေး-ဗန်းမော် မော်တော် ကားလမ်းကို ဖောက်လုပ်ပေးခဲ့သည့် အတွက် မံစီမြို့နယ်အပါအဝင် ပြည်နယ် အတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုဘဝ များ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်ကို များစွာ ကျေးဇူးတင်မဆုံး ဖြစ်ကြရပါ ကြောင်း၊ သို့သော် အဆိုပါ မန္တလေး-ဗန်းမော် မော်တော်ကားလမ်းသည် ဖောက် လုပ်ပြီးစက ကောင်းမွန်ခဲ့သော်လည်း ယခုအခါ နေရာအတော်များများမှာ ပျက်စီး နေသည့်အတွက် သွားလာရေးတွင် အခက် အခဲကြုံတွေ့ပြီး ခရီးသွားပြည်သူများ ဒုက္ခ ရောက်ကြရပါကြောင်း၊ မန္တလေး-ဗန်းမော် ကားလမ်းကို ပြုပြင်မွမ်းမံထိန်းသိမ်းပေး ခြင်းလုပ်ငန်းများ မည်သို့ ဆောင်ရွက်ပေး မည်ကို သိလိုပါကြောင်း** မေးမြန်းသည်။

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က မန္တလေး - ဗန်းမော် ကားလမ်းသည် လမ်းကြောင်း (၂)ကြောင်း ရှိပြီး မူလလမ်းအနေဖြင့် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းနှင့် အသစ် ဖောက်လုပ်သည့် မန္တလေး-သပိတ်ကျင်း-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းတို့ ဖြစ်ပါကြောင်း။

ပထမလမ်းဖြစ်သော မန္တလေး-လားရှိုး-ဗန်းမော် လမ်းအပိုင်းသည် မိုင် (၃၇၀) ရှည်လျားပြီး အေးရှားဝေါလ်နှင့် ရွှေမိုးသွန်းအောင် တိုင်းရင်းသားကုမ္ပဏီ (၂)ခုတို့က B.O.T. စနစ်ဖြင့် ဆောင်ရွက် လျက်ရှိသည့် လမ်းအပိုင်းများ ဖြစ်ပါ ကြောင်း။

အေးရှားဝေါလ် ကုမ္ပဏီက မန္တလေးမှ နမ့်ခမ်းအပိုင်းကို (၂၄) ပေ အကျယ် ကတ္တရာလမ်းသစ်ကြီးအဖြစ် မိုင်(၁၁၀) ဆောင်ရွက်နေပြီး နမ့်ခမ်းမှ ဗန်းမော် လမ်း အပိုင်းကို ရွှေမိုးသွန်းအောင်ကုမ္ပဏီက မိုင် (၆၀) တာဝန်ယူကာ ချောမွေ့စွာသွားလာ နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းအမျိုးအစားအလိုက် ဖော်ပြရလျှင် ကတ္တရာလမ်း ၁၂၅ မိုင် ၄ ဖာလုံ၊ ကျောက် လမ်း ၇ မိုင်၊ အမာခံလမ်း ၃၇ မိုင် ၄ ဖာလုံ၊ စုစုပေါင်း မိုင် ၁၇၀ ဖြစ်ပါ ကြောင်း။

ဒုတိယလမ်းမှာ ဧရာဝတီမြစ် အရှေ့ ဘက်ကမ်းတွင် အသစ်ဖောက်လုပ်ထား သော မန္တလေး-သပိတ်ကျင်း-တကောင်း-ဗန်းမော်လမ်းဖြစ်ပြီး (၂၇၇)မိုင် ရှည်လျား ပါကြောင်း။

ယင်းလမ်းသည် သပိတ်ကျင်းမှ တကောင်း၊ ငါးအိုး၊ ဥဒေါင်းတောင်၊ စင်းခန်း၊ ဟန်ထက်အထိ ဖောက်လုပ်ထား ပြီး ဟန်ထက်မှဗန်းမော်သို့ ဆက်သွယ်ထား ခြင်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့ကို ဆက်သွယ်ထားခြင်းဖြစ်ပြီး ၂၀၀၀ ပြည့် နှစ်၊ မေ ၁၁ ရက်နေ့၌ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ သတ်မှတ်လမ်းလွှာပုံစံ အရ စနစ်တကျ တည်ဆောက်ခဲ့သည့် ကျောက်ချောလမ်းအဆင့် ဖြစ်ပါကြောင်း၊ လမ်းအမျိုးအစားအလိုက် ဖော်ပြရလျှင် ကတ္တရာလမ်း ၂၅ မိုင် ၅ ဖာလုံ၊ ကျောက် ချောလမ်း ၁၆၇ မိုင် ၇ ဖာလုံ၊ စုစုပေါင်း ၁၉၃ မိုင် ၄ ဖာလုံ ဖြစ်ပါကြောင်း၊ လမ်း ဖောက်လုပ်ခြင်းနှင့် တစ်ပြိုင်တည်းတံတား ကြီး၊ ငယ်ပေါင်း (၃၉၇) စင်းကို တည် ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း။

ပေ (၁၈၀) အထက် တံတားများ အနေနှင့် စင်းခန်းတံတား ပေ (၄၆၀)ရှည် နှစ်လမ်းသွား သံကူကွန်ကရစ် ကြမ်းခင်း တံတားနှင့် ရွှေလီတံတား(ငါးအိုး) ပေ (၂၃၃၀) ရှည် နှစ်လမ်းသွား သံကူ ကွန်ကရစ် ရက်မကြမ်းခင်း တံတားများ တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း။

မံစီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

လျှင်မြန်စွာဖော်ဆောင်

လမ်းသား အဆင့်မြှင့်တင်နိုင်ရန်နှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို သတ်မှတ် ကာလအတွင်း လျှင်မြန်စွာအကောင်အထည် ဖော်နိုင်ရန်အတွက် တိုင်းရင်းသားကုမ္ပဏီ (၅)ခုအား B.O.T. စနစ်ဖြင့် ဆောင်ရွက် နိုင်ရန် ၄-၁၁-၂၀၀၉ ရက်နေ့တွင် တာဝန် ပေးအပ်ခဲ့ပါကြောင်း၊ ယင်းကုမ္ပဏီများမှာ သန္တိသစ္စာကုမ္ပဏီ (၄၂/၀) မိုင်၊ ဆုထူးပန် ကုမ္ပဏီ (၃၁/၁) မိုင်၊ လှမြတ်တော်ဝင် ကုမ္ပဏီ(၆၃/၀)မိုင်၊ ဂရိတ်ဝေါလ်ကုမ္ပဏီ (၅၉/၆) မိုင်၊ ရွှေမိုးသွန်းအောင်ကုမ္ပဏီ (၆၃/၆) မိုင်တို့ ဖြစ်ပါကြောင်း။

သန္တိသစ္စာကုမ္ပဏီက (၂၄) ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းကို (၂၈)မိုင် ဆောင်ရွက်ပြီးစီးပြီး ဆုထူးပန် ကုမ္ပဏီက (၁၈)မိုင်ကို (၂၄)ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းအား ဆောင် ရွက်ပြီးဖြစ်ပါကြောင်း၊ လှမြတ်တော်ဝင် ကုမ္ပဏီ၊ ဂရိတ်ဝေါလ်ကုမ္ပဏီနှင့် ရွှေမိုး သွန်းအောင်ကုမ္ပဏီတို့က လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း။

ဆက်လက်၍ တင်ပြလိုသည်မှာ ကသာ-စင်းခန်းလမ်းနှင့် စင်းခန်းတံတား ဖြစ်ပါကြောင်း၊ ဗန်းမော်မြို့၊ စင်းခန်းမှ တစ်ဆင့် ဧရာဝတီမြစ်ကို ဖြတ်ကူး၍ ရထားလမ်းနှင့် ချိတ်ဆက်နိုင်ရန်အတွက် ရထားလမ်းပူးတွဲပါဝင်သည့် စင်းခန်း တံတား ပေ (၄၆၃၀) အရှည်၊ (၄၈) ပေ အကျယ်ကို ၇-၅-၂၀၀၉ ရက်နေ့မှစ၍ တည်ဆောက်လျက်ရှိပါကြောင်း၊ အဆိုပါ တံတားသည် ဧရာဝတီမြစ်အရှေ့ဘက် ကမ်းရှိ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းနှင့် ဧရာဝတီမြစ်အနောက် ဘက်ကမ်းရှိ မန္တလေး-ရွှေဘို-မြစ်ကြီးနား လမ်းတို့ကို ဆက်သွယ်ပေးသော အဓိကကျ သည့် တံတားကြီးတစ်စင်းဖြစ်ပါကြောင်း၊ တည်ဆောက်ပြီးစီးသွားပါက ဒေသခံ ကုန်စည်များ လွယ်ကူလျင်မြန်စွာ ကူးသန်း နိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူပြုစေမှာ ဖြစ်ပါကြောင်း၊ ကသာ-စင်းခန်း ကားလမ်းကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်လျက် ရှိပါ ကြောင်း၊ ကသာ-စင်းခန်းလမ်းသည် (၆၅) မိုင်ရှိပြီး တိုင်းရင်းသား ကုမ္ပဏီ (၁၃)ဖွဲ့ နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းဖောက်လုပ်ခဲ့သည့် လမ်းဖြစ်ပါ ကြောင်း။

လမ်းလုပ်ငန်းများကို ကုမ္ပဏီအဖွဲ့ (၁၃)ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ပေ (၄၀) အကျယ် မြေသား တာပေါင်တင် ခြင်းကို (၆၅)မိုင်၊ ကျောက်လမ်း ၁၈ မိုင် ၅ ဖာလုံ ဆောင်ရွက်ပြီးစီးပြီး၊ ကျန် အပိုင်းကိုလည်း ဆက်လက်ဆောင်ရွက် လျက်ရှိပါကြောင်း၊ ကတ္တရာလမ်းခင်းခြင်း အနေဖြင့်လည်း ၄ မိုင် ၄ ဖာလုံ ပြီးစီးပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

တည်ဆောက်လျက်ရှိ

ရေပြွန်နှင့် တံတားလုပ်ငန်းများတွင် သံကူကွန်ကရစ် ရေပြွန် (၂၄၅)စင်း တည် ဆောက်ရန်လျာထားပြီး ၎င်းအနက် (၁၈၆) စင်း တည်ဆောက်ပြီးစီး၍ ဆက်လက် ဆောင်ရွက်နေပါကြောင်း၊ သံကူကွန်ကရစ် တံတားများတွင်လည်း ပေ (၅၀)အောက် တံတား (၂)စင်း၊ ပေ (၁၀၀)အောက် တံတား (၄)စင်း၊ ပေ (၁၀၀) နှင့်အထက် ပေ(၁၈၀)အောက် တံတား (၄)စင်း စုစု ပေါင်း (၁၀) စင်း လျာထားပြီး တည် ဆောက်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက တိုင်းဒေသ ကြီးများ၊ ပြည်နယ်များအတွင်းရှိ အဓိက ဆက်သွယ်ရေး လမ်းမကြီးများ၏ တိုးတက် ပြုပြင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း များကို အထူးစီမံချက်ချဆောင်ရွက်လျက် ရှိသကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိ ပိုင်လမ်းများကဲ့သို့ခံယူ၍ တန်ပိုယာဉ်များ ဖြတ်သန်းခြင်းမရှိရအောင် ဝိုင်းဝန်း ထိန်းသိမ်းပြီး လမ်းအသုံးပြုသူများကလည်း သတ်မှတ်စည်းကမ်းများ လိုက်နာ၍ အသုံး ပြုမှသာ လမ်း၊ တံတားများ သက်တမ်း ပြည့် တည်တံ့နိုင်မှာ ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။ **(သတင်းစဉ်)**

MCC ၌ သင်တန်းများ ဖွင့်မည်

နေပြည်တော် မတ် ၁၆

MCC Training Institute အနေဖြင့် ရတနာပုံ နည်းပညာမြို့သစ်၊ Yangon Campus နှင့် Mandalay Campus တို့တွင် နိုင်ငံတကာအဆင့်ဖြစ်သော နိုင်ငံခြားတက္ကသိုလ်များ၏ ဘွဲ့သင်တန်းများဖြစ်သည့် School of ICT မှ ကွန်ပျူတာသိပ္ပံဘွဲ့ သင်တန်းများကို လည်းကောင်း၊ School of Engineering မှ အင်ဂျင်နီယာသိပ္ပံဘွဲ့သင်တန်းများကို လည်းကောင်း၊ School of Business Management မှ စီးပွားရေးစီမံခန့်ခွဲမှု ပညာ ဘွဲ့သင်တန်းများကိုလည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဖွင့်လှစ်မည်

အဆိုပါသင်တန်းများသို့ တက်ရောက်လိုသည့် အခြေခံပညာအထက်တန်း ဖြေဆိုပြီးသူများအတွက် Pre University Foundation Course (နိုင်ငံတကာ တက္ကသိုလ်အကြိုသင်တန်းများ)ကို ရန်ကုန်မြို့ သိမ်ကြီးဈေး(စီ)ရုံ တတိယထပ်ရှိ Yangon Campus နှင့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ Mandalay Campus တို့၌ မတ် ၂၈ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

သင်တန်းကာလမှာ School of Computing နှင့် School of Business အတွက် သုံးလနှင့် School of Engineering အတွက် ခြောက်လကြာမြင့် မည်ဖြစ်သည်။ အသေးစိတ်စုံစမ်း သိရှိလိုသူများအနေဖြင့် Yangon Campus: သိမ်ကြီးဈေး(စီ)ရုံ အဆောင် (၃၊ ၄) တတိယထပ် ဖုန်း-၂၄၅၇၆၂၊ ၂၄၉၁၅၂၊ ၂၄၆၆၃၄၊ ၃၉၅၅၁၂၊ Mandalay Campus: ၃၅ လမ်း ၅၆×၅၇ ကြား ဝါးခင်းကုန်းဘုရားလမ်း ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၉-၉၁၀၃၄၀၆၂၊ ၀၂-၇၇၉၃၀ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယောဒိဒွေ့၏ ဆွမ်ပရာဘွမ်နှင့် ပူတာအိုအကြား မော်တော်ကားလမ်းကို ရာသီမရွေးသွားလာနိုင်ရန် မည်သို့စီမံထားရှိသည်ကို သိလိုကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပူတာအိုမဲဆန္ဒနယ်မှ ဦးယောဒိဒွေ့က **မိမိတို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး၌ အရေးကြီးသည့် စွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကချင် ပြည်နယ် မေခ-မလိခမြစ်ကြောင်းများ တစ်လျှောက်တွင် ရေအားလျှပ်စစ်စီမံကိန်း ကြီးများကို အကောင်အထည်ဖော်လျက်ရှိ ပါကြောင်း၊ ယင်းရေအားလျှပ်စစ်စီမံကိန်း များက ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အား များဖြင့် နိုင်ငံတော်တစ်ဝန်း လျှပ်စစ်မီးလင်း ရေးအတွက်သာမက စက်မှုကုန်ထုတ် လုပ်ငန်းများအတွက် စွမ်းအင်လိုအပ်ချက် ကိုပါဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူ ဖြစ်စေမည်ဖြစ်၍ မိမိတို့ပြည်သူများ က များစွာမျှော်လင့်တောင့်တ လျက်ရှိပါ ကြောင်း၊ လက်ရှိစီမံကိန်းအကောင်အထည် ဖော်နေဆဲကာလမှာပင် လုပ်ငန်းလိုအပ်ချက် အရ မြစ်ကြီးနားနှင့် ဆွမ်ပရာဘွမ်အကြား (၁၃၂)မိုင် အကွာအဝေးရှိသော မော်တော် ကားလမ်းကို ကွန်ကရစ်လမ်းမကြီးအဖြစ် ဖောက်လုပ်ပေးမည်ဖြစ်သည့်အတွက် နှစ် ကာလများစွာ ခရီးသွားလာရေး ဒုက္ခရောက် နေခဲ့သည့် ဒေသခံပြည်သူများအနေဖြင့် ဝမ်းသာမဆုံး ဖြစ်နေကြရပါကြောင်း။**

အားထားနေကြရ

မိမိတို့ ပူတာအိုဒေသခံပြည်သူများ အနေဖြင့် မြစ်ကြီးနားအပါအဝင် အခြား ဒေသများသို့ ခရီးသွားလာရေး၊ ကုန်စည် ပို့ဆောင်ရေးကိစ္စအဝဝတွင် မြစ်ကြီးနား-ပူတာအိုမော်တော်ကားလမ်းနှင့် လေကြောင်း လိုင်းကိုသာ အားထားနေကြရခြင်း ဖြစ်ပါ ကြောင်း၊ နှစ်စဉ်မိုးရာသီကာလများ၌ ကားလမ်းကြောင်းများ ပျက်စီးခြင်းနှင့် တောင်ပြိုခြင်းများကြောင့် သွားလာနိုင်ခြင်း မရှိဘဲ လေကြောင်းလိုင်း တစ်ခုတည်းကို သာ စုပြုံအားကိုးနေကြရသည့်အတွက် ပြည်သူများ များစွာဒုက္ခရောက်ကြရပါ ကြောင်း၊ ယခု ရေအားလျှပ်စစ်စီမံကိန်း ကြောင့် မြစ်ကြီးနားနှင့် ပူတာအိုအကြား (၂၁၈) မိုင် ကားလမ်းကြောင်းမှာ မြစ်ကြီး နားမှ ဆွမ်ပရာဘွမ်အကြား (၁၃၂)မိုင် လမ်း အပိုင်း ကောင်းသွားမည်ဖြစ်ခြင်းကြောင့် လွန်စွာအားရကျေနပ်မိပါသော်လည်း ကျန် ရှိသည့်ဆွမ်ပရာဘွမ်နှင့် ပူတာအိုအကြား (၈၆)မိုင်အကွာအဝေး ကားလမ်းအပိုင်းမှာ မကောင်းနိုင်သေးဘဲ ကျန်ရှိနေသေးသည့် အတွက် ဆွမ်ပရာဘွမ်နှင့် ပူတာအိုအကြား မော်တော်ကားလမ်းကို ရာသီမရွေးသွားလာ နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေ ဖြင့် မည်သို့စီမံထားရှိသည်ကို သိလို ကြောင်း မေးမြန်းသည်။

မေးမြန်း

ပူတာအို မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးယောဒိဒွေ့မေးမြန်းစဉ်။ (သတင်းစဉ်)

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင် မောင်မြင့်က မြန်မာနိုင်ငံ မြောက်ဖျားဒေသ ဖြစ်သည့် ကချင်ပြည်နယ်အတွင်း လမ်းပန်း ဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နှစ်စဉ်စီမံကိန်းများချမှတ်၍ လမ်းအလိုက်၊ လမ်းပိုင်းအလိုက်၊ အဆင့်အလိုက် တိုးတက် ကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ကချင်ပြည်နယ်အတွင်းတွင် ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး (၁)ရုံး၊ ခရိုင်အင်ဂျင်နီယာမှူးရုံး (၄)ရုံး၊ မြို့နယ် အင်ဂျင်နီယာရုံး (၂၀)နှင့် မြို့နယ်ခွဲ အင်ဂျင်နီယာရုံး (၉)ရုံးတို့ဖြင့် အသစ် တည်ဆောက်ခြင်း၊ တိုးတက်ပြုပြင်ခြင်း နှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို တာဝန် ပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်း အပြင် ပြည်နယ်အတွင်း လမ်း၊ တံတားများ ပိုမိုကောင်းမွန်တိုးတက်စေရန် ဒုတိယ အင်ဂျင်နီယာမှူးကြီးများ ဦးဆောင်သည့် လမ်းတည်ဆောက်ရေးအထူးအဖွဲ့ (၅)ဖွဲ့၊ တံတားတည်ဆောက်ရေးအထူးအဖွဲ့ (၁)ဖွဲ့ တို့ကို ထပ်မံဖြည့်စွက် တာဝန်ပေးအပ် ခဲ့ပါကြောင်း။

အမာခံလမ်း

ကိုယ်စားလှယ်တော်ကြီး မေးမြန်း သည့် ဆွမ်ပရာဘွမ်-ပူတာအိုလမ်း နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် မြစ် ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် (၂၁၈)မိုင် ရှည်လျားပြီး ၁၉၉၁ ခုနှစ်မှ စတင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လမ်းအထူးအဖွဲ့ (၁)ဖွဲ့နှင့် ပူတာအိုခရိုင် တို့မှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်းမှ အဖွဲ့များနှင့် ဒေသခံ လုပ်ငန်းရှင်များက လမ်းအကျယ် ၂၄ ပေ ရရှိစေရန်နှင့် ချောမွေ့စွာသွားလာနိုင်ရန် ဆောင်ရွက်ခဲ့သည့်အတွက် အမာခံလမ်း အဆင့် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း။

မိုးရွာသွန်းမှုပမာဏ များပြားခြင်း၊ ဝင်ရိုး (၃)ခုပါသော ကားကြီး (သရီး ကရောင်း)များ သွားလာမှုများကြောင့် လမ်းသားများပျက်စီးခဲ့ပြီး ဆက်သွယ် သွားလာမှုပြတ်တောက်သည်အထိ ဆိုးရွား စွာ ပျက်စီးခဲ့ပါကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်

ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီး ဌာနက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၏ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်းကို စီမံကိန်းအသွင်ဆောင်ရွက်နိုင်ရန် လမ်း အထူးအဖွဲ့ (၆)ဖွဲ့နှင့် ခရိုင်အဖွဲ့ (၂)ဖွဲ့ တို့ကို ဖွဲ့စည်းပြီး စက်၊ ယာဉ်၊ ယန္တရား၊ ဝန်ထမ်းအင်အား ပြည့်စုံစွာဖြည့်တင်း၍ လုပ်ငန်းများကို တာဝန်ပေးအပ်ခဲ့ပါ ကြောင်း၊ ခရိုင်နှင့် အထူးအဖွဲ့ကြီး (၈)ဖွဲ့ တွင် အင်ဂျင်နီယာဝန်ထမ်း အင်အား (၁၀၀)၊ အမှုထမ်းအင်အား (၃၃)ဦး၊ ပညာ သည်ဝန်ထမ်း (၃၅)ဦး၊ စက်၊ ယာဉ်မောင်း (၄၆၀)၊ လုပ်သား(ယာယီ) (၁၆၀၀)ရှိပြီး စက်၊ ယာဉ်၊ ယန္တရား (၂၃၃) စီးတို့ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

တည်ဆောက်ပြီးစီး

၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ ဆောင်ရွက်ပြီးစီးမှု အခြေ အနေမှာ ကတ္တရာလမ်း ၄၁ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၁၆၂ မိုင် ၄ ဖာလုံ၊ အမာခံ လမ်း ၁၄ မိုင် စုစုပေါင်း ၂၁၈ မိုင်ဖြစ်ပြီး တံတားများတည်ဆောက်ခြင်းကိုလည်း လမ်းလုပ်ငန်းများနှင့်အတူ တည်ဆောက် ခဲ့ရာ ရေပြွန်နှင့် ပေ (၅၀)အောက်တံတား (၇၂၆)စင်း၊ ပေ (၅၀)နှင့်အထက် ပေ (၁၀၀)အောက် (၂၆)စင်း၊ ပေ (၁၀၀)နှင့် အထက် ပေ (၁၈၀)အောက် (၁၀)စင်းနှင့် ပေ (၁၈၀)နှင့်အထက် (၁၁)စင်း စုစု ပေါင်း (၇၇၃)စင်း အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့ပါကြောင်း။

ယင်းလမ်းပေါ်ရှိ အဓိကတံတားကြီး (၁)စင်းဖြစ်သည့် ပေ(၅၂၀)အရှည်ရှိ မူလာရှီဒီးကြိုးတံတားကိုလည်း ယခင်က ကားငယ်များ သွားလာနိုင်သည့်အဆင့်မှ လာမည့်ဘဏ္ဍာရေးနှစ်တွင် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားကြီးအဖြစ် အဆင့် တိုးမြှင့်တည်ဆောက်သွားရန် ဆောင်ရွက် လျက်ရှိပါကြောင်း။

ညှိနှိုင်းထား

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးကို ယနေ့ချောမွေ့ စွာ သွားလာနိုင်သည့် ကျောက်ချောလမ်း အဆင့်မှ ကတ္တရာလမ်းအဆင့်ထိ စီမံချက် ချမှတ်၍ နှစ်အလိုက် အဆင့်ဆင့်တိုးမြှင့် တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု အခါ မြစ်ဆုံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် ဆောင်ရွက်နေသော CPI (China Power Investment) ကုမ္ပဏီက မြစ်ကြီးနားမှ ဆွမ်ပရာဘွမ်ကို ကွန်ကရစ်လမ်းလုပ်ရန် ညှိနှိုင်းထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆွမ် ပရာဘွမ်နှင့် ပူတာအိုအပိုင်းကိုသာ လုပ်မှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် လာမည့်နှစ်များ၌ မြစ်ကြီး နား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် ယခုထက် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါ ကြောင်း။

ရှင်းလင်းဖြေကြား

အထူးအားဖြင့် ဒေသခံပြည်သူများ အနေဖြင့် လမ်းကိုပျက်စီးစေသည့် သရီး ကရောင်းကားများ မသုံးရေးနှင့် လမ်း သတ်မှတ်ဝန်ထက် ပိုသောယာဉ်များ မသွား ရေးကို ကြပ်မတ်ပေးကြပါရန် မေတ္တာရပ်ခံ လိုပါကြောင်းဖြင့် ရှင်းလင်းဖြေကြား သည်။ **(သတင်းစဉ်)**

အထက(၅) မင်္ဂလာတောင်ညွန့်ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

အထက(၅) မင်္ဂလာတောင်ညွန့်တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာ ပူဇော် ကန်တော့ပွဲကို နိုဝင်ဘာ ၂၀ ရက် (အမျိုးသားနေ့)တွင် ကျင်းပမည် ဖြစ်ပြီး ၎င်းရက်မတိုင်မီ ကျောင်းသား ကျောင်းသူ ဟောင်းများ၏ ကြိုတင်တွေ့ဆုံပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပ မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူ ဟောင်းများ မပျက်မကွက် တက်ရောက် ကြရန် မြတ်ဆရာ ပူဇော်ပွဲဖြစ်မြောက်ရေး အဖွဲ့က ဖိတ်ကြားထားကြောင်း သိရှိရ သည်။ **(သတင်းစဉ်)**

17-3 (05).pmd 1 3/17/2011, 3:13 AM

သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းဝင်းခိုင်၏ ရာသီအလိုက် သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းချခွင့် နှင့် စပ်လျဉ်းသည့် မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် သိန္နီမဲဆန္ဒနယ်မှ စိုင်းဝင်းခိုင်က **တောင်သူလယ်သမားများသည် ဈေးကွက်တွင် အမြတ်အစွန်း ပိုမိုရရှိပြီး မိမိ၏ လယ်ယာမြေနှင့် အသင့်လျော်ဆုံးဖြစ်သည့် ကြိုက်နှစ်သက်ရာ ရာသီအလိုက် သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးရောင်းချခွင့် ရှိ မရှိနှင့် မရှိသေးလျှင် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း** မေးမြန်းသည်။

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဝန်ကြီး ဦးဌေးဦး မေးမြန်းချက်ကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် ပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အောက်ပါအတိုင်း မူများချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း-

(က) အောင်မြင်ဖြစ်ထွန်းသည့် သီးနှံဖြစ်ရမည်။

(ခ) စီးပွားရေးအရ တွက်ခြေကိုက်သည့် သီးနှံဖြစ်ရမည်။

(ဂ) နိုင်ငံတော်၏ လိုအပ်ချက်နှင့် ကိုက်ညီသော သီးနှံဖြစ်ရမည်။

သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းဝင်းခိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဖော်ပြပါ အချက်များနှင့်အညီ နိုင်ငံတော်နှင့် တောင်သူများ၏ အကျိုးဖြစ်ထွန်းမည့် သီးနှံများစိုက်ပျိုးမှုကို အားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထွက်ရှိသည့် ရာသီသီးနှံများကို လွတ်လပ်စွာ ရောင်းချခွင့်ရှိပါကြောင်း၊ အောင်မြင်ဖြစ်ထွန်းသည့် သီးနှံများကို တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ရန် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံနယ်မြေများ အတွက်သာ လိုအပ်သော ကုန်ကြမ်းသီးနှံများကို အားပေးစိုက်ပျိုးလျက် ရှိသည်မှအပ ကျန်သီးနှံများကို အထက်ပါမူများ အတိုင်း အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ထူးခြားသည့် အခြေအနေများတွင် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်းများထံ အသိပေးအကြောင်းကြားပါက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

✻ *ကျောဖုံးမှ*

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၏ **"ချင်းပြည်နယ် အပါအဝင် မြန်မာနိုင်ငံနယ်စပ်ဂိတ်များမှ နိုင်ငံခြားသားများ ဝင်/ထွက် သွားလာခွင့်ပြုပြီး အနည်းဆုံး ရက်သတ္တနှစ်ပတ် ပြည်တွင်း၌ နေထိုင်ခွင့်"**နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးစိုင်းမြမောင်၏ **"ရှမ်းတိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသားမျိုးနွယ် နိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားများတွင် မှားယွင်းစွာ ဖော်ပြမှု"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး၏ **"စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီတို့က ပြန်လည်ဖြေကြားကြသည်။

အဆုံးအဖြတ်ရယူ

ဆက်လက်၍ အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၄)မှ ဦးစတီဗင်သာဘိတ်၏ **"ကျန်းမာရေး ကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဘုတ်အဖွဲ့ တစ်ခုဖွဲ့စည်းပြီး အကောင်းဆုံး နည်းလမ်းချမှတ်ဆောင်ရွက်ပေးနိုင်ရန်"** အဆိုနှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးပေါ်လျှံလွင်၏ **"ကျောင်းဆင်းပြီးဖြစ်သော ချင်းအမျိုးသား ဆရာဝန်များအား ဆမ အမြန်ချပေးပါရန်နှင့် ချင်းပြည်နယ်တွင် ဆရာဝန်များ လိုသော ဒေသများသို့ စေလွှတ်ပေးပါရန်"** အဆိုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းများ ဆောင်ရွက်ကြသည်။

ပြင်ဆင်တင်ပြ

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးပေါ်လျှံလွင်၏ **"ချင်းပြည်နယ်ရှိ ရေဇွာမြို့နယ်ခွဲကို မြို့နယ် အဆင့်သို့ တိုးမြှင့်ပေးပါရန်"** အဆိုကို လွှတ်တော်သို့ တင်ပြရန် ဖြစ်သော်လည်း သက်ဆိုင်ရာအဆိုရှင်က အဆိုကို မေးခွန်း အဖြစ်ပြောင်းလဲပေးပါရန် ပြင်ဆင်တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသား လွှတ်တော်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ်အမျိုးသား လွှတ်တော်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို မတ်လ ၂၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။**(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၁၆

မေတ္တာမွန်စာကြည့်တိုက် ပြင်စလူ၌ဖွင့်

လပွတ္တာခရိုင် ပြင်စလူမြို့ ကုန်းကြီး ကျေးရွာအုပ်စု ကွင်းယားကျေးရွာ မေတ္တာမွန် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ် စာစောင် လှူဒါန်းပွဲကို မတ် ၁၂ ရက် ညနေ ၅ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြင်စလူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးလွင်နှင့် စာကြည့်တိုက် ဆောက်လုပ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးစောနေကလယ်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှူဒါန်း

ထို့နောက် လပွတ္တာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာလာဝင်းနှင့် အလှူရှင်များက စာအုပ် စာစောင် ၇၈၄ အုပ်ကို လှူဒါန်းခဲ့ကြသည်။ အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော် ပံ့ပိုးငွေနှင့် အလှူရှင်ပြည်သူများ စုပေါင်းထည့်ဝင် လှူဒါန်းငွေတို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး သွပ်မိုး၊ သမံတလင်းခင်းနှင့် အုတ်ကာ (၂၄ ×၁၄)ပေ အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် သနပ်ပင်မြို့နယ်၌ဖွင့်

သနပ်ပင်မြို့နယ် ကုက္ကိုကျေးရွာ၌ လူငယ်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ စာကြည့်တိုက် ငွေပဒေသာပင်နှင့် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတေဇလင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သဇင်၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်ထွန်း၊ စာကြည့်တိုက်နာယက ဦးမြင့်တင်တို့ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလှူရှင်များက စာကြည့်တိုက် ငွေပဒေသာပင် အလှူငွေနှင့်စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရွှေ လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါင်မြို့နယ်၌ ရှင်စောပုစာကြည့်တိုက်သို့ စာအုပ်စာစောင်များလှူဒါန်း

မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာ ရှင်စောပုစာကြည့်တိုက်တွင် စာကြည့်တိုက် ရှင်သန်ခိုင်မာရေး ဟောပြောပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အခမ်းအနားတွင် အလုပ်ကျေးရွာ ဥက္ကဋ္ဌ ဦးစံသိန်းက စာအုပ်စာစောင်တိုးပွားရေးနှင့် ရန်ပုံငွေတိုးပွားရေး အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက စာကြည့်တိုက် ရှင်သန်ခိုင်မာရေးလုပ်ငန်းစဉ် (၅)ရပ်နှင့် စာဖတ်နှုန်းမြှင့်တင်ရေး ဟောပြောဆွေးနွေးသည်။

လက်ခံရယူ

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ရှင်စောပုစာကြည့်တိုက်သို့ သုတ၊ ရသနှင့် မဂ္ဂဇင်းမျိုးစုံ ၅၅ အုပ်၊ ပညာပေးလက်ကမ်းစာစောင် ၂၅ စောင် ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဦးရွှေဝက လက်ခံရယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တန်းမြို့နယ်အသင်း ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် မတ် ၁၆

ရန်ကုန်မြို့ တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် အမှတ် ၁၃၆၃ ၌ ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အသက်(၇၅)နှစ်အထက် အဘိုးအဘွားများအား သက်ကြီးပူဇော်ပွဲ၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အသင်းသားများ၏ တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရသား၊ သမီးများနှင့် ကျောက်တန်းဒေသဖွား အသင်းမဝင်ရသေးသူများ၏ သုံးဘာသာအထက် ဂုဏ်ထူးရသားသမီးများ၊ Ph.D ဘွဲ့ရလူပုဂ္ဂိုလ်များအား ဆုချီးမြှင့်ပွဲကို ကျင်းပမည်ဖြစ်ရာ မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား စာရင်းပေးသွင်းကြပြီး အသင်းသား အသင်းသူများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးချန်ဟိုး (ဥက္ကဋ္ဌ) ဖုန်း-၇၀၇၆၂၉၊ ၀၉-၅၁၄၈၆၆၀၊ ဦးရဲထွန်း (ဒု-ဥက္ကဋ္ဌ) ဖုန်း-၅၄၀၃၈၅၊ ၀၉-၅၀၀၉၈၇၂၊ ဦးတင်မြင့် (တွင်း/မှူး) ဖုန်း-၅၄၆၉၉၁၊ ၀၉-၇၃၀၀၅၂၅၉နှင့် ဦးမောင်စိန် ဖုန်း-၀၅၆-၂၅၉၈၈တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၏ ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံနယ်စပ်ဂိတ်များမှ နိုင်ငံခြားသားများ ဝင်/ထွက် သွားလာခွင့်ပြုပြီး အနည်းဆုံး ရက်သတ္တနှစ်ပတ် ပြည်တွင်း၌နေထိုင်ခွင့်နှင့်စပ်လျဉ်းသည့် မေးခွန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည်ဖြေကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းက **ကမ္ဘာလှည့်ခရီးသည်များနှင့်စပ်လျဉ်း၍ မတ်လ ၁၄ရက်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးက စိတ်ရှည်လက်ရှည် ရှင်းလင်းဖြေကြားပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံခြားသားများ ဝင်/ထွက်သွားလာမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကော်မတီက စိစစ်ပြီးကြိုတင်ခွင့်ပြုချက်ရယူပြီးမှသာ သွားလာခွင့်ပြုခြင်းမဟုတ်ဘဲ လွတ်လွတ်လပ်လပ် ဝင်ရောက်နေထိုင်ခွင့်ပြုမည်ဆိုပါက နိုင်ငံခြားသားဧည့်သည် ပိုမိုဝင်ရောက်လာနိုင်မည် ဖြစ်ပါကြောင်း၊ လက်ရှိအနေအထားအရ ရိဒ်ဂိတ်မှ နေ့ချင်းပြန် ဝင်/ထွက်ခွင့်ပြုပေးနေသော်လည်း ရက်သတ္တနှစ်ပတ် ဝင်ခွင့်ပြုပါက ဟိုတယ်လုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းစသော လုပ်ငန်းအမျိုးမျိုးဖြင့် စီးပွားရေးအခွင့်အလမ်း၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရလာနိုင်ပါကြောင်း၊ သို့ဖြစ်၍ ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံနယ်စပ်ဂိတ်များမှ နိုင်ငံခြားသားများ ဝင်/ထွက် သွားလာခွင့်ပြုပြီး အနည်းဆုံး ရက်သတ္တနှစ်ပတ် ပြည်တွင်း၌ နေထိုင်ခွင့်ပြု မပြု နှင့်စပ်လျဉ်း၍ သိရှိလိုပါကြောင်း** ဖြင့်မေးမြန်းသည်။

အကောင်အထည်ဖော်

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့် အမေး/အဖြေပြုလုပ်ရာတွင်ပါရှိသည့် ကိစ္စရပ်များကိုလည်း နိုင်ငံတော်ကဖွဲ့စည်းပေးထားသည့် နိုင်ငံခြားသားများလုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီက ဆောင်ရွက်လျက်ရှိပြီး ၎င်းကော်မတီတွင် မိမိကဦးဆောင်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်မှုနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးသော်လည်း နယ်စပ်ဒေသတွင် နေထိုင်သူများ တရားဝင် ဝင်/ထွက်သွားလာနိုင်ရန် နှစ်နိုင်ငံနားလည်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-အိန္ဒိယနယ်စပ် ဝင်/ထွက် ပေါက်များဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ဝင်/ထွက် စခန်းကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင်လည်းကောင်း၊ ချင်းပြည်နယ် ဖလမ်းမြို့တွင် ရိဒ်ခေါဒါရ် စခန်းကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင်လည်းကောင်း စတင်ဖွင့်လှစ်ခဲ့ပြီး နယ်စပ် ဖြတ်သန်းခွင့်လက်မှတ်ဖြင့် သတ်မှတ်နယ်စပ်ဖြတ်သန်းခ ငွေကောက်ခံ၍ ဝင်/ထွက်ခွင့် ပြုခဲ့ပါကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် ရက်စွဲပါစာအမှတ်၊ ဝ၆၆/၁(၂)-၁/နဝတ ဖြင့် ညွှန်ကြားချက်အရ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် နေ့ချင်းပြန် ဝင်/ထွက်ခွင့်ပြုပါကြောင်း၊ အခြား အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်ဂိတ်များတွင်လည်း နှစ်ဦးသဘောတူစာချုပ်များ လက်မှတ်ရေးထိုး၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာ-တရုတ်နယ်စပ် ဝင်/ထွက်သွားလာမှုကို ၁၉၉၇ ခုနှစ် မတ် ၂၅ ရက်တွင် ချုပ်ဆိုခဲ့သော နှစ်နိုင်ငံနယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာချုပ်အရ မူဆယ်၊ ကြူကုတ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မိုင်းလား၊ လွယ်ဂျယ်၊ ရန်လုံကျိုင်း၊ နမ့်ခမ်း စသည့်သတ်မှတ် ဝင်/ထွက် ပေါက်များမှ နယ်စပ်ဖြတ်သန်းခွင့် (၆)ညအိပ် (၇)ရက်ကို နယ်စပ်ခရိုင်အထိလည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ထောက်ခံချက်အရ အထက်ဌာနခွင့်ပြုချက်ရရှိသူ အိမ်နီးချင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားများအတွက် ပြည်ဝင်ခွင့် လက်မှတ်ဖြင့် (၁၃)ညအိပ် (၁၄)ရက်ကို ခွင့်ပြုနေရာအထိ နယ်စပ်မှ ဝင်/ထွက်ခွင့် ကိုလည်းကောင်း၊ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာကိုင်ဆောင်သူများအား သက်ဆိုင်ရာဝန်ကြီးဌာနထောက်ခံချက်နှင့် အထက်ဌာနခွင့်ပြုချက်ရရှိက နယ်စပ်ဝင်ပေါက်မှဝင်ရောက်ပြီး အခြား ဝင်/ထွက်ပေါက်မှ ထွက်ခွာခွင့်ကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာ-ထိုင်းနယ်စပ် ဝင်/ထွက်သွားလာမှုကို ၁၉၉၇ ခုနှစ် မေ ၁၆ ရက်တွင် ချုပ်ဆိုခဲ့သော နှစ်နိုင်ငံအကြား နယ်စပ် ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာချုပ်အရ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း စသည့်သတ်မှတ် ဝင်/ထွက်ပေါက်များမှ နှစ်နိုင်ငံ နိုင်ငံသားများအား နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (၆)ညအိပ် (၇)ရက်ကို နယ်စပ်ခရိုင်မြို့အထိလည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ထောက်ခံချက်အရ အထက်ဌာနခွင့်ပြုချက်ရရှိသူ အိမ်နီးချင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားများအတွက် ပြည်ဝင်ခွင့်လက်မှတ် (၁၃)ညအိပ် (၁၄) ရက်ကို ခွင့်ပြုနေရာအထိ နယ်စပ်မှ ဝင်/ထွက်ခွင့်ကိုလည်းကောင်း၊ နိုင်ငံကူးလက်မှတ်နှင့်ဗီဇာကိုင်ဆောင်သူများအား **သက်ဆိုင်ရာဝန်ကြီးဌာန ထောက်ခံချက်နှင့် အထက်ဌာနခွင့်ပြုချက်ရရှိက နယ်စပ်ဝင်ပေါက်မှဝင်ရောက်ပြီး အခြား ဝင်/ထွက်ပေါက်မှ ထွက်ခွာခွင့်ကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း။**

မြန်မာ-လာအိုနယ်စပ် ဝင်/ထွက်သွားလာမှုကို ၁၉၉၇ ခုနှစ် မတ် ၂၉ ရက်တွင် ချုပ်ဆိုခဲ့သော နှစ်နိုင်ငံနယ်စပ်ဒေသ စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာချုပ်အရ ဝမ်ပုံ ဝင်/ထွက်ပေါက်မှ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် (၅)ညအိပ် (၆)ရက်ကို နယ်စပ်ခရိုင်မြို့အထိလည်းကောင်း၊ နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ခွင့်လက်မှတ်တို့ဖြင့် နေ့ချင်းပြန် ဝင်/ထွက်ခွင့်ကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ် ဝင်/ထွက်သွားလာမှုကို ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ချုပ်ဆိုခဲ့သော နှစ်နိုင်ငံ နယ်ခြားအစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ဆောင်ရွက်လျက် ရှိပါကြောင်း၊ မောင်တော၊ စစ်တွေ ဝင်/ထွက်ပေါက်မှ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (၆)ညအိပ် (၇)ရက်ကို မောင်တောမြို့အထိ လည်းကောင်း၊ နိုင်ငံခြားရေးရာမူဝါဒကော်မတီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၀၄)၏ ခွင့်ပြုချက်အရ ဘင်္ဂလားဒေ့ရှ် ကုန်သည်ကြီးများအသင်း၏ ထောက်ခံချက်ပါရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ကုန်သည်များအား ပြည်ဝင်ခွင့်လက်မှတ်ဖြင့် (၁၃)ညအိပ် (၁၄)ရက်ကို စစ်တွေမြို့အထိလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ပါ၍ မြန်မာနိုင်ငံနယ်စပ် ဝင်/ထွက်ပေါက်များမှ ဝင်ရောက်မှုများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံချင်း ညှိနှိုင်းသဘောတူညီချက် (MOU) များအရ နယ်စပ်နယ်နိမိတ်တွင် နေထိုင်သူ အိမ်နီးချင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား ဝင်/ထွက်ခွင့်ပြုလျက်ရှိပါကြောင်း၊ မည်သည့်တိုင်းဒေသကြီး/ ပြည်နယ်ဟူ၍ ခွဲခြားပြီး ဝင်/ထွက်ခွင့်ပြုနေခြင်း မရှိပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံသည် နှစ်နိုင်ငံချင်း သဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အသေးစိတ် ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်သဖြင့် နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုပြီးမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်၏ ရှမ်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားမျိုးနွယ် နိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် မှားယွင်းစွာဖော်ပြမှုနှင့် စပ်လျဉ်းသည့်မေးခွန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်က **ရှမ်းတိုင်းရင်းသားများအပါအဝင်ဖြစ်သော တိုင်းရင်းသား လူမျိုးနွယ် နိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးသည့်လုပ်ငန်းစဉ်တွင် ချွတ်ချော်မှားယွင်းမှုများရှိခဲ့ရာ လူမျိုးအမည်ကို မှားယွင်းစွာဖော်ပြခဲ့ခြင်းများလည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်ခဲ့ခြင်းများကြောင့် ဗမာမဟုတ်သော တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားခဲ့သည့် သားသမီးများ ဗမာ (သို့မဟုတ်) တခြားတိုင်းရင်းသားများဖြစ်နေမှုကိစ္စကို မည်ကဲ့သို့ မှန်ကန်အောင် ပြန်လည်ဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကို သိရှိလိုပါကြောင်း** ဖြင့် မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက ကာယကံရှင်သည် အိမ်ထောင်စုဝင် အမည်စာရင်းရှိသည့် သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသို့ ကိုယ်တိုင်ရေးလျှောက်လွှာနှင့် နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်းပုံစံ (နိုင်) ၂ ပါ အကြောင်းအရာတစ်ခုခုပြောင်းလဲပေးရန်အတွက် အစီရင်ခံစာကို မှန်ကန်စွာ ဖြည့်စွက်၍ ကာယကံရှင်၏ ကိုယ်ရေးလျှောက်လွှာမူရင်း(၁)စောင်၊ ကာယကံရှင်၏ အမည်စာရင်းပါရှိသော အိမ်ထောင်စုဝင်အမည်စာရင်းမူရင်းနှင့် မိတ္တူ (၁)စောင်၊ ကာယကံရှင်ကိုင်ဆောင်သည့် လက်မှတ်/နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ (၁) စောင်၊ ကာယကံရှင်ကိုင်ဆောင်သည့် မှတ်ပုံတင်ကတ်ပြား၏ ပုံစံ(၁)နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၏ နိုင်-၂ မိတ္တူ(၁)စောင်၊ ကာယကံရှင်၏ မိဘနှင့်နှစ်ဖက်ဘိုးဘွားများ၏ ကိုင်ဆောင်သည့် လက်မှတ်/နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ(၁)စောင်၊ ကာယကံရှင်၏ မိဘနှင့် နှစ်ဖက်ဘိုးဘွားများ၏ ကိုင်ဆောင်သည့် မှတ်ပုံတင်ကတ်၏ ပုံစံ(၁)မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၏ ပုံစံ (၁)/နိုင်(၂) မိတ္တူ(၁)စောင်၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ထောက်ခံချက်မူရင်း(၁)စောင်၊ သက်ဆိုင်ရာ မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထောက်ခံချက် မူရင်း(၁)စောင်၊ ကာယကံရှင်၏ ကိုယ်ရေးမှတ်တမ်းပုံစံ နိုင်(၂)ပါ အကြောင်းအရာတစ်ခုခု ပြောင်းလဲပေးရန်အတွက် အစီရင်ခံစာ (ပုံစံ ၉၀/၁/နငသ) မူရင်းနှင့် မိတ္တူ (၂)စောင်စသည့် စာရွက်စာတမ်းများနှင့်အတူ အမှုတွဲပြုစု၍ ကိုယ်တိုင် သွားရောက်လျှောက်ထားရန် လိုအပ်ပါကြောင်း။

ကာယကံရှင်၏ တင်ပြလာသည့် အထောက်အထားများကို သက်ဆိုင်ရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးက ရုံးလက်ခံမှတ်တမ်းများနှင့် ကိုက်ညီမှန်ကန်ခြင်း ရှိ မရှိ တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်ပါက မြို့နယ်ဦးစီးဌာနမှူးသည် တိုက်ဆိုင်စစ်ဆေးပြီးကြောင်း အထောက်အထားများပေါ်တွင် လက်မှတ်ရေးထိုးအမှုတွဲပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးရုံးသို့ ဆက်လက်တင်ပြရပါကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် မေးမြန်းစဉ်။ (သတင်းစဉ်)

မြို့နယ်ဦးစီးဌာနမှူးရုံးက အမှုတွဲပြုစုစိစစ်တင်ပြလာသည့် လူမျိုးအမှန်ဖြစ်လိုကြောင်း လျှောက်ထားသည့် အမှုတွဲဖိုင်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးက ရုံးလက်ခံ မှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ကိုက်ညီမှု ရှိပါက ပုံစံ ၉၀/၁/နငသ တွင် လက်မှတ်ရေးထိုးအမှုတွဲပြုစု၍ ဦးစီးဌာန (ရုံးချုပ်)သို့ ဆက်လက်တင်ပြရပါကြောင်း။

လူမျိုးအမှန်ဖြစ်လိုကြောင်း တင်ပြလာသည့် အမှုတွဲဖိုင်ကို ဦးစီးရုံးချုပ် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဌာနခွဲမှ ရုံးလက်ခံမှတ်တမ်းများဖြင့် မှန်ကန်ကိုက်ညီမှု ရှိ မရှိ တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက ညွှန်ကြားရေးမှူးချုပ်က လူမျိုးပြင်ဆင်မှုကို ခွင့်ပြုပေးပါကြောင်း၊ ခွင့်ပြုချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးရုံးမှ တစ်ဆင့် သက်ဆိုင်ရာမြို့နယ်သို့ အမှုတွဲနှင့်အတူ ပြန်ကြားပါကြောင်း၊ သက်ဆိုင်ရာမြို့နယ်က ကာယကံရှင်အား ဆက်သွယ်၍ ဦးစီးဌာန (ရုံးချုပ်) ၏ ခွင့်ပြုချက်အရ လိုအပ်သော ပုံစံသစ်များ ပြန်လည်ပြုစုခြင်းနှင့် ပုံစံအဟောင်းများတွင် ပြင်ဆင်ဖြည့်စွက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားအဟောင်းကို ပယ်ဖျက်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်ကို မူလနံပါတ်နှင့် လိုအပ်ချက်များ ဖြည့်စွက်ပြီး လူမျိုးအမည်ပြင်ဆင်၍ ကတ်ပြားအသစ်ထပ်မံထုတ်ပေးပါကြောင်း၊ ကတ်ပြားအဟောင်းကို ကာယကံရှင်၏ ကိုယ်ရေးဖိုင်တွင် မှတ်တမ်းအဖြစ် ပူးတွဲလျက် ထိန်းသိမ်းထားရှိပါကြောင်း။

ယခုကဲ့သို့ လူမျိုးအမည် ပြင်ဆင်ခြင်း၊ မွေးသက္ကရာဇ် ပြင်ဆင်ခြင်း၊ အမည်ဖြည့်စွက်ခြင်းနှင့် မိဘအမည် ပြင်ဆင်ခြင်း အစရှိသည့် လုပ်ငန်းများဆောင်ရွက်လိုပါက ကာယကံရှင်များသည် သက်ဆိုင်ရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးများတွင် အသေးစိတ်လိုအပ်ချက်များကို ဆက်သွယ်စုံစမ်း၍ လျှောက်ထားဆောင်ရွက်သွားနိုင်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

စွမ်းအင် ဝန်ကြီးဌာနဝန်ကြီး ဦးလွှမ်းသိ မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ညဏစိုး၏ စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွှမ်းသိ ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ညဏစိုးက **ဈေးကွက်စီးပွားရေးစနစ်စံနှုန်းများနှင့်အညီ စက်သုံးဆီဆိုင်များကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးပြီး ဖြစ်သော်လည်း စက်သုံးဆီများကို မော်တော်ယာဉ်များနှင့် စက်တပ်ယာဉ်များသာ ဝယ်ယူခွင့်ရှိပြီး ယခင်က ပုံးများနှင့်လည်း သယ်ဆောင်ဝယ်ယူခွင့် မရှိသည်ကို တွေ့ရှိရပါကြောင်း၊ ယခုအခါ ပုံးများဖြင့် ထည့်သွင်းရောင်းချခွင့်ပေးရန် စွမ်းအင်ဝန်ကြီးဌာနက ညွှန်ကြားချက်များ ထုတ်ပြန်ထားခဲ့ပြီးဖြစ်သော်လည်း ပုဂ္ဂလိက စက်သုံးဆီဆိုင်အချို့က လိုက်နာခြင်း မရှိသေးသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ စက်သုံးဆီများကို စက်တပ်ယာဉ်များသာမက မီးစက်များ၊ တစ်ပိုင်တစ်နိုင် စက်မှုလုပ်ငန်းသုံး အင်ဂျင်စက်များ၊ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများတွင်လည်း အသုံးပြုနေရပါကြောင်း။**

အဆိုပါ အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စက်သုံးဆီများကို စက်တပ်ယာဉ်များမှ တစ်ဆင့်ခံ ဝယ်ယူသုံးစွဲနေရသဖြင့် မောင်ခိုဈေးကွက်ကြီးမားကျယ်ပြန့်ကာ ဈေးနှုန်းကွာဟချက်လည်းမြင့်မားနေပါကြောင်း၊ သို့ဖြစ်ပါ၍ ကုန်ဈေးနှုန်းကျဆင်းရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ အိမ်တွင်းစက်မှု လုပ်ငန်းများနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးတကြီး လိုအပ်ချက်ဖြစ်သည့် သုံးစွဲသူများ လက်ဝယ်သို့ တိုက်ရိုက်အရောက် စက်သုံးဆီဖြန့်ဖြူးရောင်းချသည့် စနစ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွှမ်းသိက စွမ်းအင်ဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စက်သုံးဆီအရောင်းဆိုင် (၂၆၀)ကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ပုဂ္ဂလိကသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချခဲ့ပြီး ၂၀၁၀ခုနှစ် ဇွန် ၁၀ ရက်မှစ၍ စတင်ဖွင့်လှစ် ရောင်းချခွင့်ပြုခဲ့ပါကြောင်း၊ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များက ယခင် စွမ်းအင်ဝန်ကြီးဌာနမှ ရောင်းချခဲ့သည့်အတိုင်း မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကိုသာ အဓိကထား ဖြန့်ဖြူးရောင်းချခဲ့ပါကြောင်း၊ ယခုအခါ စွမ်းအင်ဝန်ကြီးဌာနက ပုဂ္ဂလိကဆီဆိုင်များသို့ အခြားကဏ္ဍများအတွက်ပါ ဒီဇယ်/ဓာတ်ဆီများကို လွတ်လပ်စွာ ရောင်းချရန် ညွှန်ကြားပြီးဖြစ်သကဲ့သို့ ပုဂ္ဂလိက *စာမျက်နှာ ၈ ကော်လံ ၁*

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးကြပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ယခင်လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **"ပင်စင်လစာငွေများကို နှုန်းအလိုက်ကွဲပြားစွာခံစားနေရသည့်အတွက် ယခုခေတ် ကုန်ဈေးနှုန်းနှင့် အလွန်ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် သို့မဟုတ် အဆင့်သုံးဆင့် စဉ်းစားခွဲခြား ထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ်ပြဋ္ဌာန်းပေးပါရန်"**အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးကြသည်။

လေးဖြင့် စားဝတ်နေရေးအတွက် နေ့စဉ်နှင့်အမျှ ခက်ခဲစွာ ဖြေရှင်းနေကြရပါကြောင်း၊ ထို့ကြောင့် ပုံသေသတ်မှတ်ထားသော ထောက်ပံ့ကြေးတစ်ရပ်ကို ပင်စင်စားများအား ၎င်းတို့လစဉ်ခံစားနေရသော ပင်စင်လစာအပြင် အပိုဆောင်းငွေကြေးတစ်ရပ်အဖြစ် လစဉ် ထောက်ပံ့ခြင်း၊ လိုအပ်သောတွက်ချက်မှုများ ပြုလုပ်၍ သင့်လျော်သော ငွေကြေးတစ်ရပ်ကို သတ်မှတ်ပြီး သက်ကြီးရွယ်အို ပင်စင်စားများအား စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်သင့်ပါကြောင်း။

လွှတ်တော် သတ္တမနေ့က နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၏ မေးခွန်းနှင့် သဘောချင်းတူညီနေပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားပြီးလည်း ဖြစ်ပါကြောင်း၊ ပထမအကြိမ်လွှတ်တော်ပုံမှန်အစည်းအဝေး လမ်းညွှန်နောက်ဆက်တွဲ(ခ-၂) အမှတ်စဉ်(၄-ဂ)ပါ "ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ပြီးသောကိစ္စတစ်ရပ်နှင့် သဘောချင်းတူညီသည့်ကိစ္စ မပါရှိရ" ဆိုသည့်အချက်နှင့် မကိုက်ညီပါကြောင်း၊ ဖြစ်သင့်

ဝန်ထမ်းများနှင့် ယခင် ပင်စင်စားနိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကိုတိုးပေးရန် အစီအစဉ် ရှိ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားရာတွင် နိုင်ငံတော်သည် ၁၉၈၉၊ ၁၉၉၃၊ ၂၀၀၀ ခုနှစ်တို့တွင် လစာပင်စင်လုပ်ခများကို တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းခေတ်အဆက်ဆက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်၍ နိုင်ငံ့ဝန်ထမ်းလစာနှင့် အငြိမ်းစားလစာ

လမ်းမတော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ထန်းတပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းရီ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကျောက်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသာစိန် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပုလော မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်လှ (ခ) ဦးလှမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းက နှစ်ပေါင်းများစွာ နိုင်ငံတော်တာဝန်ကို ကျေကျေပွန်ပွန် တာဝန်ထမ်းဆောင်ပြီး သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင် စသည်ဖြင့် ခေတ်အဆက်ဆက်ကပင် ပင်စင်ယူခဲ့ကြသော ပင်စင်စားဝန်ထမ်းများသည် လက်ရှိ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ မဟုတ်ကြပါ၍ နိုင်ငံတော်က တိုးမြှင့်ပေးသော ပင်စင်လစာနှင့် အကျုံးမဝင်ကြသည့်အတွက် ရရှိသောပင်စင်မှာ လက်ရှိကုန်ဈေးနှုန်းနှင့် မမျှမတဖြစ်နေပါကြောင်း။

ပင်စင်စားများသည် သက်ကြီးရွယ်အိုဘဝ မိမိရခဲ့သော ပင်စင်လစာ

အမှန်စင်စစ် နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးလာလျှင် လူမှုစောင့်ရှောက်ရေးကို အစိုးရများက တာဝန်ယူ လုပ်ပေးရမည်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် အလုပ်မလုပ်နိုင်ကြသော သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၏အရေးသည် အစိုးရတို့၏ တာဝန်သာဖြစ်သည်ဟု နိုင်ငံရေးယဉ်ကျေးမှုအရ ယုံကြည်ပါကြောင်း၊ ထို့ကြောင့် လက်ရှိ ကုန်ဈေးနှုန်းနှင့် ကွာဟနေသည့် ပင်စင်စားများ၏ ပင်စင်လစာကို သင့်လျော်သလို စိစစ်တိုးမြှင့်သင့်ပါကြောင်းဖြင့် ဦးစိုးဝင်း၏အဆိုကို ထောက်ခံဆွေးနွေးသည်။

တင်ပြ

ထို့နောက် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က ဦးစိုးဝင်း၏အဆိုသည် ၁၀-၃-၂၀၁၁ ရက်နေ့ ပြည်သူ့

သည်မှာ ယနေ့ လုပ်သားမျိုးဆက်အတွက် အလုပ်ခွင်စိတ်ထား (Spirit of Workmanship) များ၊ နည်းပညာများ၊ အရင်းအနှီးများကို မြှင့်တင်ပေးနိုင်ရေး စဉ်းစားသင့်ပါကြောင်း၊ ဤသည်များကိုမစဉ်းစားဘဲ လစာနှင့်ပင်စင်တိုးမြှင့်ရေးသာ ဦးတည်ပါက ငွေကြေးဖောင်းပွမှုသာ အဖတ်တင်မည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆွေးနွေးပြောကြား

ယင်းနောက် ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီက ၁၀-၃-၂၀၁၁ ခုနှစ် (ကြာသပတေးနေ့) ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် မေးခွန်းအမှတ်စဉ်(ဂ)တွင် နမ့်ခမ်း မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၏ နိုင်ငံ့

ရှားပါးစရိတ်များ ထောက်ပံ့ပေးမှုကို နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများအပေါ် မိမိရင်ဝယ်သားကဲ့သို့ စေတနာဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဝန်ထမ်းလစာနှင့်အငြိမ်းစားလစာ တိုးမြှင့်ဆောင်ရွက်လိုသည့်အခါတိုင်း (၁) ငွေကြေးဖောင်းပွမှုနှုန်း၊ (၂) နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲငွေပမာဏ၊ (၃) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၊ (၄) ပတ်ဝန်းကျင်နိုင်ငံများ၏ ငွေကြေးအခြေအနေ စသည်တို့ကို စဉ်းစား၍ ချင့်ချိန်တွက်ချက်ရပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ အထက်ပါ အချက်များကို သုံးသပ်ပြီး သင့်လျော်သော အချိန်အခါတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်ဟု ဆွေးနွေးပြောကြားသွားခဲ့ပါကြောင်း။

ရှင်းလင်းဆွေးနွေး



ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ပြန်လည်ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆(ခ)တွင် နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်များ ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်ဟု ဖော်ပြပါရှိပြီးဖြစ်ရာ နောင်ပေါ်ပေါက်လာမည့် အစိုးရသစ်အနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်နေပါကြောင်း။

တူညီ

ယခု စမ်းချောင်း မဲဆန္ဒနယ်မှ ဦးစိုးဝင်း တင်သွင်းထားသော အဆိုသည် အစည်းအဝေးသတ္တမနေ့ မေးခွန်းအမှတ်စဉ်(ဂ)တွင် နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း မေးခွန်းပါ ဆွေးနွေးချက်များနှင့် ကိစ္စတစ်ရပ်အရလည်းကောင်း၊ အကြောင်းတစ်ရပ်အရလည်းကောင်း တူညီလျက်ရှိပါကြောင်း။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၂၈)၏ အပိုဒ် (ည)တွင် လွှတ်တော် ကိုယ်စားလှယ်များ၏ အစည်းအဝေး စည်းကမ်းချက်အရ "ဆွေးနွေးပြီးပြတ်ပြီးဖြစ်သော ကိစ္စတစ်ရပ်ကို ထပ်မံတင်ပြခြင်းမပြုရ" ဟု ပါရှိပါသောကြောင့် ဦးစိုးဝင်း၏ အဆိုကို ဆက်လက်ဆောင်ရွက်ခြင်း မပြုသင့်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် ကျောက်တော် မဲဆန္ဒနယ်မှ ဦးသာစိန်က မြန်မာနိုင်ငံတွင် ယခုအခါ ပင်စင် နှစ်မျိုးနှစ်စားဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ အဟောင်းပင်စင်နှင့် အသစ်ပင်စင်ဟူ၍ ဖော်ပြလိုပါကြောင်း၊ အဟောင်းပင်စင်သည် ပင်စင်လစာအများဆုံး ငွေကျပ်(၆၀၀) ကို အခြေခံပေးထားပြီး ၎င်းကို တိုးမြှင့်ပေးထားသော်လည်း အများဆုံးရသူသည် ငွေကျပ် (၂၀၀၀)သာ ရှိပါကြောင်း၊ ယခင်က ပင်စင်စားအရာရှိကြီးတစ်ဦး၏ ပင်စင်လစာနှင့် ယခုခေတ် ပင်စင်စား အောက်ခြေအဆင့်ဝန်ထမ်းတစ်ဦး၏ ပင်စင်လစာသည် များစွာကွာခြားလှပါကြောင်း၊ အချို့မှာ ပင်စင်ဟောင်းလစာ ငွေကျပ် ၂၀၀/၃၀၀ ခန့်သာ ရရှိသည့်အတွက် ပင်စင်ထုတ်ရန် သွားရသည့် ခရီးစရိတ်က ထုတ်ရမည့် ပင်စင်ငွေထက် ကြီးမြင့်နေသောကြောင့် ၃/၄ လမှ တစ်ကြိမ်စုပြီး ထုတ်ကြရပါကြောင်း။

မျှော်လင့်ထားရှိ

ကုန်ဈေးနှုန်းကြီးမြင့်သော ယနေ့ကာလတွင် အဆိုပါပင်စင်စားများ၏ ဒုက္ခကို သက်သာရာရောက်အောင် ကူညီနိုင်မည့်သူမှာ မိဘအရာ ဖြစ်သည့် နိုင်ငံတော်အစိုးရသာ ရှိပါကြောင်း၊ သားသမီးများလည်း အားကိုးတကြီး မျှော်နေကြပါကြောင်း၊ အထူးသဖြင့် ယခု ပြည်သူ့လွှတ်တော်များ ပေါ်ပေါက်လာသောအခါ မျှော်လင့်ချက် အများကြီး ထားရှိနေကြပါကြောင်း၊ ထို့ကြောင့် စမ်းချောင်း မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ အဆိုကို ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

အကြံပြု

ယင်းနောက် ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ) ဦးလှမြင့်က နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများကို နိုင်ငံတော်က အချိန်အခါအလိုက် သင့်တင့်လျောက်ပတ်စွာ ချီးမြှင့်ပေးအပ်ခဲ့ပါကြောင်း၊ ပင်စင်စားများတွင် အလွှာအသီးသီး၊ အခြေအနေအမျိုးမျိုး ရှိနေပါကြောင်း၊ ဝန်ထမ်းလစာနှင့် အငြိမ်းစားလစာ တိုးမြှင့်ခြင်း ဆောင်ရွက်လိုသည့်အခါတိုင်း ငွေကြေး ဖောင်းပွမှုနှုန်း၊ နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲငွေပမာဏ၊ တစ်မျိုးသားလုံး ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး၊ ပတ်ဝန်းကျင်နိုင်ငံများ၏ ငွေကြေးအခြေအနေ စသည်တို့ကို စဉ်းစား၍ ချင့်ချိန်တွက်ချက်ပြီး စီစဉ်ဆောင်ရွက်ရကြောင်းကိုလည်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးက ရှင်းပြထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် လစာတိုးပေးတိုင်း နောက်ဆက်တွဲ အကျိုးဆက်အနေနှင့် ပေါ်ပေါက်လာသည့် ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်း မတည်ငြိမ်မှုက ပင်စင်စားများသာမက ပြည်သူများကိုပါ တိုးပေးရသည်နှင့် မကာမိအောင် ပြန်လည် ဆိုးကျိုးသက်ရောက်နိုင်သည်ကိုလည်း အလေးထားထည့်သွင်း စဉ်းစားရပါကြောင်း၊ ထို့ကြောင့် စမ်းချောင်း မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ အဆိုကို လောလောဆယ်ကာလတွင် တင်သွင်းရန်မသင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြသည်။

တိုးမြှင့်ခံစားခွင့်ပြု

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက နိုင်ငံတော်အစိုးရသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်များကို ၁၉၇၂ ခုနှစ်၊ ၁၉၈၉ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၆ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်များတွင် လစာနှုန်း တိုးမြှင့်ပေးခဲ့သကဲ့သို့ ပင်စင်လစာများကိုလည်း တိုးမြှင့်လိုက်သည့်လစာနှုန်းများအတိုင်း အငြိမ်းစား ခံစားခွင့်နှင့်သက်ဆိုင်သော တည်ဆဲနည်းဥပဒေများနှင့်အညီ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါကြောင်း။

တိုးမြှင့်ပေး

ပင်စင်ခံစားခွင့်များကို တည်ဆဲမြို့ပြ ဝန်ထမ်းစည်းမျဉ်းဥပဒေများအရ ၎င်းတို့၏ နောက်ဆုံးထုတ် လစာနှင့် ပင်စင်ခံစားခွင့်ရှိသော လုပ်သက်အပေါ်အခြေခံ၍ အငြိမ်းစားလစာနှင့် လုပ်သက်ဆုကြေးကို တွက်ချက်ခွင့်ပြုနေခြင်း ဖြစ်ပါကြောင်း၊ အငြိမ်းစားဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် ခေတ်အလိုက် ကုန်ဈေးနှုန်းများ ကွာဟချက်နည်းရန် နိုင်ငံတော်က အခြေအနေပေးလျှင် ပေးသလို အပိုထောက်ပံ့ကြေး ဆောင်းပေးခြင်း၊ ပင်စင်လစာကို တိုးမြှင့်ပေးခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း-

(က) ၁၉၇၇ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တွင် ယာယီရှားပါးစရိတ်နှင့် အပိုထောက်ပံ့ကြေးခွင့်ပြုပေးခြင်း၊

(ခ) ၁၉၉၃ ခုနှစ်တွင် ပင်စင်လစာကို ၂၅ ရာခိုင်နှုန်း တိုးမြှင့်ပေးခြင်း၊

(ဂ) ၂၀၀၀ ပြည့်နှစ်တွင် ပင်စင်လစာကို ၂ ဆ တိုးမြှင့်ပေးခြင်း၊

အထက်ပါ ဆောင်ရွက်ပေးမှုကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်သည် ဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်ချိစေရန် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ရှင်းလင်း

ယခုအခါ အငြိမ်းစားလစာ တိုးမြှင့်ပေးခြင်းကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်း၊ နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲငွေ၊ ကုန်ဈေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးများကို အခြေခံပြီး စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါ၍ အဆိုကို ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

သုံးသပ်

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက စမ်းချောင်း မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ အဆိုအပေါ် ဆွေးနွေးသူ (၅)ဦးအနက် (၂)ဦးက ထောက်ခံ၍ (၃)ဦးက ကန့်ကွက်ဆွေးနွေးခဲ့ပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးကလည်း ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးပြီး ဖြစ်သည့်အတွက် အားလုံး နားလည်သဘောပေါက်ကြပြီး ဖြစ်ပါကြောင်း၊ ယခင်မေးခွန်း အဖြေနှင့်ထပ်တူနီးပါး တူညီနေသော်လည်း ပိုမိုကျယ်ပြန့်သော အမြင်နှင့် သုံးသပ်ချက်များ ပေါ်ထွက်လာစေရေးအတွက် အချိန်ပေးဆွေးနွေးခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဆွေးနွေးချက်များတွင် သတိပြုရန်၊ သင်ခန်းစာယူရန် အချက်များစွာ ပေါ်ထွက်လာသည့်အတွက် အဆိုရှင်နှင့် ဆွေးနွေးသူများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ဆွေးနွေးချက်များကိုလည်း မှတ်တမ်းတင်ပြီး လိုအပ်သလို အသုံးပြုသွားမှာဖြစ်ပါကြောင်း၊ အဆိုတင်သွင်းဆွေးနွေးကြရာတွင် စေတနာမှန်သည့်အပြင် လုပ်နည်းလုပ်ဟန် မှန်ရန်လည်း လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့် သက်ဆိုင်ရာဌာနအနေဖြင့် ပင်စင်လစာ ဆိုင်ရာများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်အခါ အခြေအနေပေါ်မူတည်ပြီး သုံးသပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးချက်များအပေါ် ဦးစိုးဝင်း၏ သဘောထားကို သိလိုပါကြောင်း မေးမြန်းသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် စမ်းချောင်း မဲဆန္ဒနယ်မှ ဦးစိုးဝင်းက လွှတ်တော်ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ အသေးစိတ် ရှင်းလင်းဆွေးနွေးချက်များအရ ပင်စင်လစာများကို အခြေအနေ အချိန်အခါပေါ်မူတည်ပြီး သုံးသပ်ဆောင်ရွက်ပေးသွားမည်ဟု သိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဆွေးနွေးချက်များကို နားလည်လက်ခံပါကြောင်းနှင့် ထိုအဆိုကို ဆက်လက်တင်သွင်းရန် မလိုတော့ပါကြောင်းတင်ပြသည်။

ဆုံးဖြတ်

ယင်းသို့ ကာယကံရှင်တင်ပြချက်အပေါ် လွှတ်တော်က သဘောတူသည့်အတွက် ဦးစိုးဝင်း၏ အဆိုကို ဆက်လက်တင်သွင်းရန် မလိုတော့ကြောင်း ဆုံးဖြတ်သည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဆီဆိုင်များကလည်း ဖေဖော်ဝါရီလမှစ၍ အခြား ကဏ္ဍများကိုပါ လွတ်လပ်စွာ ရောင်းချနေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း စက်သုံးဆီထုတ်လုပ်ရောင်းချမှု အခြေအနေကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပိုမိုသိရှိစေရန် ထပ်မံရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း။

ဝယ်ယူသုံးစွဲ

ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များက ဒီဇယ်ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကမ္ဘာ့စက်သုံးဆီ ပေါက်ဈေး အတက်/ အကျပေါ်မူတည်၍ Floating Price ဖြင့် လွတ်လပ်စွာ ရောင်းချလျက်ရှိရာ ပြည်သူလူထုက ကြိုက်သလောက် ဝယ်ယူသုံးစွဲနေကြပြီ ဖြစ်ပါကြောင်း။

ဓာတ်ဆီကိုမူ စွမ်းအင်ဝန်ကြီးဌာနက ကုန်းတွင်းမှ တူးဖော်ရရှိသော ရေနံစိမ်း(Crude Oil)နှင့် ကမ်းလွန်မှ ထုတ်လုပ်ရရှိသော လေဆီ (Condensate) တို့ကို မိမိရေနံချက်စက်ရုံများမှချက်လုပ်ပြီး ရရှိသည့် ပြည်တွင်းထုတ်ဓာတ်ဆီကို ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များမှတစ်ဆင့် ပြည်သူလူထုသို့ လျှော့ဈေးဖြင့် ရောင်းချပေးနေပါကြောင်း၊ ဓာတ်ဆီကို လစဉ် ဂါလန် (၁၀)သန်းခန့် ထုတ်လုပ်နိုင်ပြီး နိုင်ငံပိုင်ကဏ္ဍအတွက် ဂါလန် (၁)သန်းကျော်ခန့် အသုံးပြု၍ ပုဂ္ဂလိကကဏ္ဍသို့ ဂါလန်(၉)သန်းခန့် လစဉ် ရောင်းချပေးနေပါကြောင်း၊ အစိုးရက ဓာတ်ဆီကိုလျှော့ဈေးဖြင့် ရောင်းချပေးရာ ကမ္ဘာ့ဓာတ်ဆီ ပေါက်ဈေးထက် သက်သာနေသည်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး သတိထားမိကြမည် ဖြစ်ပါကြောင်း၊ အရေအတွက်အနေဖြင့် နိုင်ငံတော်မှ ပုဂ္ဂလိက ကဏ္ဍအတွက် ဓာတ်ဆီ ဂါလန် (၉)သန်းခန့် လစဉ်ရောင်းချပေးနိုင်ပြီး ပြည်သူလူထုအား လွတ်လပ်စွာ ရောင်းချပေးသဖြင့် ဤဂါလန် (၉)သန်းနှင့် မလုံလောက်ပါကြောင်း၊ ထို့ကြောင့် လိုအပ်သောဓာတ်ဆီကို ပြည်ပမှ တင်သွင်းရောင်းချရန် နိုင်ငံတော်က စီစဉ်ပေးထားပါကြောင်း၊ နိုင်ငံတကာသုံးဖြစ်သည့် ဓာတ်ဆီ 92 Ron ကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပြည်ပမှ အလုံအလောက် တင်သွင်းခွင့်ပြုပြီး လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချစေပါကြောင်း၊ ပြည်သူလူထုက ဓာတ်ဆီ 92 Ron ကို ကြိုက်သလောက် လွတ်လပ်စွာ ဝယ်ယူနိုင်ကြပါကြောင်း။

ပိုမိုတိုးတက်

သို့သော်လည်း သုံးစွဲသူများအနေဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီသည် ဈေးသက်သာခြင်း၊ သုံးနေကျဖြစ်ခြင်း စသည့်အချက်များကြောင့် ပိုမိုဝယ်ယူသုံးစွဲကြပြီး အစပိုင်းတွင် အဆင့်မြင့်ကားပိုင်ရှင်များလောက်သာ 92 Ron ဓာတ်ဆီကို ဝယ်ယူအသုံးပြုကြသည်ကို တွေ့ရှိရပါကြောင်း၊ သို့ရာတွင် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များမှ စတင်ရောင်းချသည့် ၂၀၁၀ ခုနှစ် ဇွန်လတွင် 92 Ron ဓာတ်ဆီ တစ်နေ့ပျမ်းမျှရောင်းအားမှာ (၃၈၂) ဂါလန်သာရှိခဲ့ရာမှ ၂၀၁၁ ခုနှစ် မတ်လ ၁၅ ရက်တွင် ရောင်းအား (၄၉၅၈၂) ဂါလန်အထိ ပိုမိုတိုးတက်ဝယ်ယူလာသည်ကို တွေ့ရှိရပါကြောင်း။

ထို့အပြင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ၂၀၁၀ ခုနှစ် ဇွန်လတွင် စက်သုံးဆီဆိုင် (၂၆၀)ကို လွှဲပြောင်းပေးခဲ့ပြီး လိုအပ်ချက်အရ ဆိုင်သစ်များ ထပ်မံတိုးချဲ့တည်ဆောက် ရောင်းချစေခဲ့ရာ ယခုအခါ ပုဂ္ဂလိက စက်သုံးဆီဆိုင်ပေါင်း (၃၃၂)ဆိုင်အထိ တိုးတက်ဖွင့်လှစ်ရောင်းချနေပြီ ဖြစ်ပါကြောင်း။

ယခုအခါ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင် မရှိသေးသည့် မြို့များ၊ မြို့သစ်များ၊ မြို့နယ်ခွဲများရှိသကဲ့သို့ အချို့သော လမ်းဆုံ/လမ်းခွနေရာများနှင့် လမ်းကြောအနေအထားများအရ ဆိုင်အသစ် တည်ဆောက်ဖွင့်လှစ်ပေးရန် လိုအပ်သဖြင့်လည်းကောင်း၊ ဆိုင်မရှိသည့်ဒေသများသို့ တရားမဝင် စက်သုံးဆီသယ်ယူ တင်ပို့ရောင်းချမှုများနှင့် တရားမဝင် လမ်းဘေးဆီဆိုင်များ လျော့နည်း ပပျောက်စေရန်အတွက် လည်းကောင်း၊ တစ်ပြည်လုံး နေရာအနှံ့အပြားတွင် စက်သုံးဆီသုံးစွဲသူ ပြည်သူလူထုအား လက်ဝယ်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးနိုင်ရန်အတွက် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လိုအပ်သည့်နေရာများတွင် ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်အသစ်များကို ပုဂ္ဂလိကများက ဖွင့်လှစ်ရောင်းချစေရန်အတွက်လည်းကောင်း ဥပဒေနှင့်အညီ အားပေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

(က) ၁၉၇၇ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တွင် ယာယီရှားပါး စရိတ်နှင့် အပိုထောက်ပံ့ ကြေးခွင့်ပြုပေးခြင်း၊

(ခ) ၁၉၉၃ ခုနှစ်တွင် ပင်စင်လစာကို ၂၅ ရာခိုင်နှုန်း တိုးမြှင့်ပေးခြင်း၊

(ဂ) ၂၀၀၀ ပြည့်နှစ်တွင် ပင်စင်လစာကို ၂ ဆ တိုးမြှင့်ပေးခြင်း၊

အထက်ပါ ဆောင်ရွက်ပေးမှုကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်သည် ဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်ချိစေရန် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့ သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ရှင်းလင်း

ယခုအခါ အငြိမ်းစားလစာ တိုးမြှင့်ပေးခြင်းကို နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်လာမှု အခြေအနေ၊ ငွေကြေး ဖောင်းပွမှုနှုန်း၊ နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲငွေ၊ ကုန်ဈေးနှုန်း အခြေအနေ၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုးများကို အခြေခံပြီး စဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ အဆိုကို ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာ ရပ်ခံအပ်ပါကြောင်းဖြင့် ရှင်းလင်း ဆွေးနွေးသည်။

သုံးသပ်

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက စမ်းချောင်း မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ အဆိုအပေါ် ဆွေးနွေးသူ (၅)ဦးအနက် (၂)ဦးက ထောက်ခံ၍ (၃)ဦးက ကန့်ကွက်ဆွေးနွေးခဲ့ပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးကလည်း ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးပြီး ဖြစ်သည့်အတွက် အားလုံး နားလည် သဘောပေါက်ကြပြီး ဖြစ်ပါကြောင်း၊ ယခင်မေးခွန်း အဖြေနှင့်ထပ်တူနီးပါး တူညီနေသော်လည်း ပိုမိုကျယ်ပြန့်သော အမြင်နှင့် သုံးသပ်ချက်များ ပေါ်ထွက် လာစေရေးအတွက် အချိန်ပေးဆွေးနွေး ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဆွေးနွေး ချက်များတွင် သတိပြုရန်၊ သင်ခန်းစာ ယူရန် အချက်များစွာ ပေါ်ထွက်လာ သည့်အတွက် အဆိုရှင်နှင့် ဆွေးနွေးသူ များအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ဆွေးနွေးချက်များကိုလည်း မှတ်တမ်း တင်ပြီး လိုအပ်သလို အသုံးပြုသွားမှာ ဖြစ်ပါကြောင်း၊ အဆိုတင်သွင်း ဆွေးနွေးကြရာတွင် စေတနာမှန်သည့် အပြင် လုပ်နည်းလုပ်ဟန် မှန်ရန် လည်း လိုအပ်ပါကြောင်း၊ နိုင်ငံတော် နှင့် သက်ဆိုင်ရာဌာနအနေဖြင့် ပင်စင် လစာ ဆိုင်ရာများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တည်ဆဲဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ အချိန်အခါ အခြေအနေပေါ်မူတည်ပြီး သုံးသပ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးချက်များအပေါ် ဦးစိုးဝင်း၏ သဘောထားကို သိလို ပါကြောင်း မေးမြန်းသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် စမ်းချောင်း မဲဆန္ဒနယ်မှ ဦးစိုးဝင်းက လွှတ်တော်ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ အသေး စိတ် ရှင်းလင်းဆွေးနွေးချက်များအရ ပင်စင်လစာများကို အခြေအနေ အချိန် အခါပေါ်မူတည်ပြီး သုံးသပ်ဆောင်ရွက် ပေးသွားမည်ဟု သိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဆွေးနွေးချက် များကို နားလည်လက်ခံပါကြောင်း နှင့် ထိုအဆိုကို ဆက်လက်တင်သွင်း ရန် မလိုတော့ပါကြောင်းတင်ပြသည်။

ဆုံးဖြတ်

ယင်းသို့ ကာယကံရှင်တင်ပြချက် အပေါ် လွှတ်တော်က သဘောတူ သည့်အတွက် ဦးစိုးဝင်း၏ အဆိုကို ဆက်လက်တင်သွင်းရန် မလိုတော့ ကြောင်း ဆုံးဖြတ်သည်။

(သတင်းစဉ်)

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းက ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသည့် ပြည်သူ့ လွှတ်တော်အစည်းအဝေး၌ ယခင် လွှတ်တော်အစည်းအဝေးများက လက်ခံ ဆွေးနွေးရန် အတည်ပြုထားသည့် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ၏ **"တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများကို တည်ငြိမ်သော ဈေးရရှိစေခြင်းငှာ သင့်တင့်သော ထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင် အပ်နှံထား ခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေး ရန်"** အဆိုကို လွှတ်တော်ကိုယ်စား လှယ် (၄)ဦးက ဆွေးနွေးကြသည်။

တင်ပြဆွေးနွေး

ရေႊဦးစွာ ရေတာရှည် မဲဆန္ဒနယ် မှ ဦးမျိုးသန့်က ဦးအောင်ဇင်၏အဆို သည် စေတနာနှင့် ရည်ရွယ်ချက်အား ဖြင့် အထူးကောင်းမွန်သော်လည်း လက်တွေ့လုပ်ကိုင်ရာတွင် ဝန်ထမ်း များနှင့် ဆက်သွယ်လုပ်ကိုင်ရာ၌ အခက်အခဲများ ရှိနိုင်ခြင်း၊ အပ်နှံ သော သီးနှံတစ်မျိုးတည်းမှာပင် အမျိုး အစားများစွာရှိ၍ သီးနှံအမျိုးအစား များစွာအတွက် အခက်အခဲ အရှုပ် အထွေးများစွာရှိနိုင်ခြင်း၊ သီးနှံများ အပ်နှံစဉ်အချိန်က အလေးချိန်နှင့် အရည်အသွေးသည် ကာလကြာသည် နှင့်အမျှ အလေးချိန်လျော့ခြင်းနှင့် အရည်အသွေးကျဆင်း ပြောင်းလဲ တတ်ခြင်းများကို စံချိန်သတ်မှတ်ရန် ခဲယဉ်းခြင်း၊ တစ်နိုင်ငံလုံး အတိုင်း အတာဖြင့်ဆိုပါက သိုလှောင်ရန် ဂိုဒေါင်များ အခက်အခဲ ရှိနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက် ပါက ပျက်စီးဆုံးရှုံးမှုရှိနိုင်ခြင်း၊ အချို့ ဒေသများ၌ တစ်ပိုင်တစ်နိုင် အပ်နှံမှု များရှိသော်လည်း အရေအတွက်နှင့် အမျိုးအစား များပြားမှုကြောင့် လုပ်ကိုင်ရာတွင် အခက်အခဲအမျိုးမျိုး ကြုံတွေ့နိုင်ပြီး သိုလှောင်ခ၊ အလျော့ တွက်ခ၊ ဆေးသွင်းခ၊ လုပ်အားခ၊ သယ်ယူခ စသည့် ကုန်ကျစရိတ် အများအပြား တက်လာနိုင်ခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် လက်တွေ့ လုပ်ဆောင်ရန် မလွယ်ကူ ပါကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် လသာ မဲဆန္ဒနယ်မှ ဦးကြည်မြင့်က ဦးအောင်ဇင်၏ အဆို ကို ပြန်သုံးသပ်ကြည့်ပါက ပြည်သူ့ ဘဏ္ဍာကို အတိုးမပါဘဲ မနိမ့်ကျသည့် ဈေးနှင့် ကြိုတင်ဝယ်ယူချိန်တွင် ပေးထားရခြင်း၊ သိုလှောင်ခအချို့ကို လည်း ကျခံပေးရခြင်း၊ နောက်ဆုံး ဈေးပေါစဉ် ဝယ်ခွင့်မရဘဲ ဈေးကြီး ချိန်ကျမှ ဝယ်ယူ စားသုံးကြရခြင်း စသည့် အချက်များကြောင့် ကြားခံ ပြည်သူများအတွက် မိအေး သုံးခါနာ စရာအကြောင်း ရှိနေပါကြောင်း။

စိုက်ပျိုးထုတ်လုပ်

ဤအချက်များမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် (၃၅)ပါ "နိုင်ငံတော် စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်" ဆိုသည့် ပြဋ္ဌာန်းချက်နှင့် မကိုက်ညီပါ ကြောင်း၊ ဂျပန်ကဲ့သို့ နိုင်ငံမျိုး၌ လုပ်ကွက်သေးပြီး အထွက်များစေရေး အတွက် စရိတ်ကြီးကြီးနှင့် စိုက်ပျိုး ထုတ်လုပ်ရသည့်အခါ ထောက်ပံ့ကြေး နည်းကိုသုံးလေ့ရှိပါကြောင်း၊ နိုင်ငံခြား ကတင်သွင်းလျှင် ခေါက်ချိုးသက်သာ သော်လည်း အမျိုးသားလုံခြုံရေးအတွက် နောက်နောင်တွင် ဂျပန်လူမျိုးများ စပါးမစိုက်တတ်တော့မည်ကို စိုးရိမ်၍ သုံးရသည့်နည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အခြေအနေနှင့် မကိုက်ညီ ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် (၂၃)တွင် "တောင်သူလယ် သမားများ၏ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများကို သင့်တင့်မျှတ ပြီး တန်ဖိုးရရှိရန် ကူညီဆောင်ရွက် မည်"ဟူ၍ ပြဋ္ဌာန်းပါရှိပြီးဖြစ်သည့် အတွက် နိုင်ငံတော်က သင့်လျော် လျောက်ပတ်သည့် နည်းများဖြင့် ဆောင်ရွက်ပေးသွားမည်သာ ဖြစ်ပါ ကြောင်း ဆွေးနွေးသည်။

ယင်းနောက် လှိုင်းဘွဲ့မဲဆန္ဒနယ် မှ ဦးစောသိန်းအောင်က တောင်သူ လယ်သမားများသည် သဘာဝကပင် သင့်တင့်မျှတသော အမြတ်ငွေလေး

ရေတာရှည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးသန့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပေါ်တွင် တင်းတိမ်ရောင့်ရဲနိုင်ကြသူ များဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွား ရေးစနစ်နှင့်အညီ လွတ်လပ်စွာ ပြိုင်ဆိုင်နိုင်စွမ်းအားလည်း နည်းကြ ပါကြောင်း၊ စိတ်ကြိုက်ရောင်းဝယ် ငွေကစားနိုင်သူများကသာ ဈေးကွက် ကို ကစားကြပါကြောင်း၊ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ တည်ငြိမ် သော ဈေးနှုန်းရရှိစေရန်အတွက် ထွက် ကုန်သီးနှံများအပေါ်တွင် အနိမ့်ဆုံး ဈေးနှုန်းတစ်ခု သတ်မှတ်ပေးရန်နှင့် မိမိထွက်ကုန် သီးနှံများကို ထိန်းသိမ်း ထားနိုင်ရန် လိုအပ်ပါကြောင်း။

တရားဝင်အပ်နှံ

ထို့ကြောင့် တောင်သူလယ်သမား များအနေဖြင့် မိမိတို့လယ်ယာထွက် သီးနှံများကို တရားဝင်အပ်နှံထိန်းသိမ်း ရန် လိုအပ်ပါကြောင်း၊ ထိုသို့ အပ်နှံ ခြင်းဖြင့် အပ်နှံသူအတွက် စိတ်ချရ သလို ထိန်းသိမ်းထားပေးသူများ အနေဖြင့်လည်း လွယ်ကူစွာဝယ်ယူ နိုင်ပြီး ဈေးကွက်ကိုလည်း အေးအေး ဆေးဆေး ရှာဖွေနိုင်မည် ဖြစ်ပါ ကြောင်း၊ ဒေသထွက် သီးနှံများကို စိတ်ချစွာ အပ်နှံထိန်းသိမ်းထားခြင်း ဖြင့် တည်ငြိမ်သောဈေးကို ရရှိစေ မည်ဖြစ်ပါသောကြောင့် အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင် အပ်နှံခွင့် ပြုရန်လိုအပ်ပါကြောင်းဖြင့် ဦးအောင်ဇင် ၏အဆိုကို ထောက်ခံဆွေးနွေးသည်။

ထို့နောက် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီးက အဆိုရှင်၏ ရည်ရွယ်ချက်သည် ကောင်းမွန်သော် လည်း အချို့အချက်များကို ထည့်သွင်း စဉ်းစားသင့်သည်ဟု ယူဆမိပါ ကြောင်း၊ မြန်မာနိုင်ငံသည် သီးနှံမျိုးစုံ စိုက်ပျိုးထွက်ရှိသော နိုင်ငံဖြစ်ပြီး ထွက်ရှိသမျှသီးနှံကို ပြည်ပသို့ ပို့မှန် တင်ပို့နေလျှင် ပြည်ပဝင်ငွေ Export Earning ပုံမှန်ရရှိနေမည် ဖြစ်ပါ ကြောင်း၊ ၎င်းသီးနှံများကို ထိန်းသိမ်း ၍ လှောင်ထားလိုက်မည် ဆိုပါက ပြည်ပသို့ ပုံမှန်တင်ပို့ရောင်းချခြင်း ဟူသော ရေစီးကြောင်း ရပ်ဆိုင်းသွား နိုင်ပါကြောင်း၊ ထို့အတူ ပြည်တွင်းရှိ ကုန်စည်ဒိုင်များတွင်လည်း ရောင်း ဝယ်မှုပုံမှန် Flow များ ရပ်ဆိုင်းသွား နိုင်ပါကြောင်း၊ လများစွာ ကြာသွား လျှင် အရည်အသွေး ကျဆင်း၍ နှစ်ကူးသွားလျှင် အရည်အသွေး ထပ်မံ ကျဆင်းပြီး သီးနှံအဟောင်း(Old crop)များ ဖြစ်သွားပါကြောင်း၊ ကမ္ဘာ့ သီးနှံဈေးကွက်တွင် Old crop သီးနှံ သည် New corp သီးနှံထက် ဈေးနှုန်းများစွာ လျော့နည်းခြင်း၊ အလေးချိန် လျော့သွားခြင်း၊ သိုလှောင် စရိတ်များ တက်လာခြင်းတို့ကို မလွဲ မသွေ ကြုံရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၎င်းစရိတ် အထွေထွေ

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသိန်းအောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပေါင်းလျှင် ဈေးတက်လာ၍ ရမည့် ငွေထက်ပို၍ ကုန်ကျမှုများ ဖြစ်လာ နိုင်ပါကြောင်း။

ယခုအခါ ကမ္ဘာတွင် သီးနှံများကို ရေရှည်ထိန်းသိမ်း သိုလှောင်ခြင်းထက် ပိုမိုအဆင့်မြင့်သော ကုန်ချော Value Added ပြုလုပ်၍ နိုင်ငံတကာ ဈေးကွက်ကြိုက် ကုန်ချောအနေဖြင့် တင်ပို့ရောင်းချနိုင်လျှင် ဈေးလည်း များစွာပိုရပြီး စိုက်ပျိုးသော တောင်သူ များအတွက်လည်း ဝင်ငွေတိုး၍ ရနိုင် မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဦးအောင်ဇင်၏အဆိုသည် စေတနာနှင့် ရည်ရွယ်ချက် ကောင်းသော်လည်း ဆောင်ရွက်ရန် မသင့်သေးဟု ယူဆပါ ကြောင်း တင်ပြဆွေးနွေးသည်။

ဖြေကြား

ယင်းအဆိုနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်၏အဆို ပထမအချက်မှာ နှစ်စဉ်ထွက်ရှိသော စပါးသီးနှံအပေါ် အာမခံထားနိုင်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရေး တင်ပြထားပါကြောင်း၊ ဤအချက်နှင့်ပတ်သက်၍ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံ လုပ်ငန်းကို ဆက်သွယ် မေးမြန်းသည့် အခါ ကောက်ပဲသီးနှံအာမခံ (Crop Insurance) သည် မိမိနိုင်ငံတွင် မရှိ သေးပါကြောင်း၊ ထွက်ရှိသောသီးနှံ ဖြစ်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း အပေါင်ထား၍ အာမခံထားခြင်းမျိုး ရှိသော်လည်း ကောက်ပဲသီးနှံကို အပေါင်ထားပါက တန်ဖိုးဖြတ်ရ ခက်ခဲခြင်း၊ ပျက်စီးလွယ်ခြင်း၊ ပျက်စီး မှုအလားအလာကို တိုင်းတာရ ခက်ခဲ ခြင်းတို့ကြောင့် အာမခံ လက်မခံပါ ကြောင်း၊ ယခု အဆိုပြုသည့်ကိစ္စမှာ စပါးသီးနှံကို အပေါင်ထား၍ ငွေချေး ခြင်းမဟုတ်ဘဲ အခကြေးငွေပေး၍ အပ်နှံထားခြင်းကိစ္စသာ ဖြစ်သဖြင့် အာမခံဥပဒေ လုပ်ထုံးလုပ်နည်းများ နှင့် အကျုံးမဝင်ပါကြောင်း သက်ဆိုင် ရာဌာနကိုယ်စား ဖြေကြားအပ်ပါ ကြောင်း။

အဆိုပြု

ဦးအောင်ဇင်၏ အဆို ဒုတိယ အချက်မှာ ထွက်ကုန်သီးနှံများကို တည်ငြိမ်သော ဈေးရရှိစေခြင်းငှာ သင့်တင့်သောထိန်းသိမ်းခ သတ်မှတ်၍ အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင် အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန်၊ အပ်နှံမှုအပေါ် တစ်စုံ တစ်ရာ ချို့ယွင်းပျက်စီးပါက အပ်နှံသူ မှ အလျော်ရလိုကြောင်း တိုင်ကြား ခွင့်ရရှိစေရန် စသည်ဖြင့် ဖော်ပြထား ပါကြောင်း၊ ယင်းအဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရလျှင် ပြည်ထောင်စု

အောင်မြေသာစံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကိုကြီး ဆွေးနွေးစဉ်။ (သတင်းစဉ်)

သမ္မတမြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ အရ နိုင်ငံတော်သည် ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင် သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိက ပိုင်ဆိုင်မှုများနှင့် စီးပွားရေးလုပ်ငန်း များ၌ ဝင်ရောက်စွက်ဖက် လုပ်ကိုင် ခြင်းမပြုတော့ဘဲ ပုဂ္ဂလိက ကဏ္ဍ ကသာ ဈေးကွက် စီးပွားရေးစနစ်နှင့် အညီ လွတ်လပ်စွာ လုပ်ကိုင်သွား ကြရမှာဖြစ်ပါကြောင်း၊ လက်ရှိအခြေ အနေ၌လည်း ဒေသအလိုက် စက်ပိုင်၊ ကုန်သည်၊ ပွဲစားများနှင့် တောင်သူ လယ်သမားများသည် ဒေသဓလေ့ ထုံးစံများအရ သီးနှံများ အပ်နှံခြင်း၊ သိုလှောင်ခြင်း၊ ဈေးဖြတ်ခြင်း၊ ရောင်း ချခြင်းများကို ဆောင်ရွက်နေကြပါ ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကုန်သည် ပွဲစားများက ဈေးနှိမ်ခြင်း၊ ဈေးကစားခြယ်လှယ်ခြင်း၊ မမှန်မကန် ပြုလုပ်ခြင်းများကြောင့် တောင်သူ လယ်သမားများ ရသင့်ရထိုက်သည့် ဈေးမရခြင်းတို့ မဖြစ်စေဘဲ တောင်သူ လယ်သမားများ၏ အကျိုးစီးပွား ကာကွယ်နိုင်ရန် ဦးအောင်ဇင်အနေ ဖြင့် စပါးသီးနှံ တရားဝင် အပ်နှံထား ခွင့်ပြုရေး ဥပဒေတစ်ရပ်ကို အဆိုပြု တင်သွင်းခြင်းဖြစ်သည်ဟု ယူဆပါ ကြောင်း။

ကူညီဆောင်ရွက်

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၃ တွင် နိုင်ငံတော် သည် တောင်သူလယ်သမားများ၏ (က) အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေ များ ပြဋ္ဌာန်းဆောင်ရွက်မည်၊ (ခ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံ များ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထား ပြီး ဖြစ်ပါကြောင်း။

ဦးအောင်ဇင်၏ အဆိုပြုတင်ပြ ချက်တွင် တောင်သူလယ်သမားများ၏ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက် ရေးအတွက် နှစ်စဉ်ထွက်ရှိသော စပါး သီးနှံကို အာမခံထားရှိနိုင်သည့် ဥပဒေ တစ်ရပ် ပြဋ္ဌာန်းပေးရန်နှင့် တရားဝင် အပ်နှံထားခွင့်ပြုရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် အဆိုပြုတင်ပြချက် သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တောင်သူလယ်သမားများ၏ အခွင့် အရေးနှင့် ကိုက်ညီဆီလျော်မှု ရှိပါ ကြောင်း၊ သို့သော် လက်တွေ့ဆောင် ရွက်ရာ၌ တောင်သူလယ်သမား တစ်ဦးချင်းက ၎င်းတို့ပိုင်ဆိုင်သည့် သီးနှံပစ္စည်းများကို အစိုးရနှင့် ပုဂ္ဂလိကတို့ထံ အပ်နှံခြင်းသည် အပ်နှံ သူနှင့် လက်ခံသူ နှစ်ဦးနှစ်ဖက် ကြားဆန္ဒနှင့် ကတိကဝတ်များအရ သဘောတူမှုသာလျှင် ဆောင်ရွက် သင့်ပါကြောင်း၊ အစိုးရက ဝင်ရောက် စွက်ဖက်၍ အပ်နှံထိန်းသိမ်းရန် အမိန့် ပေးခြင်း၊ ထိန်းသိမ်းခ သတ်မှတ်ခြင်း၊ လွှဲပြောင်းအပ်နှံရေးများတွင် ဝင်ရောက် စွက်ဖက်ခြင်း တစ်စုံတစ်ရာ ပြုလုပ် မည်ဆိုပါက အတိတ်က တွေ့ကြုံခဲ့ပြီး သော အစိုးရစပါးဒိုင်နှင့် သိုလှောင်ရုံ များ၏ မမှန်မကန် ဆောင်ရွက်မှု၊ တောင်သူလယ်သမားများ၏ မကျေ လည်မှု၊ လေလွင့်ဆုံးရှုံးမှုနှင့် အမှု အခင်း ပြဿနာများ ထပ်မံတွေ့ကြုံ လာနိုင်ပါကြောင်း၊ ထို့အပြင် အစိုးရ သာမက ပုဂ္ဂလိကကုန်သည်လုပ်ငန်း ရှင်တို့အနေဖြင့်လည်း သီးနှံပမာဏ များစွာ လက်ခံသိုလှောင် ထိန်းသိမ်း နိုင်စွမ်းရှိရန်နှင့် ချို့ယွင်းပျက်စီးမှု မရှိအောင် လုပ်ဆောင်နိုင်ရေးအတွက် သိုလှောင်ရုံများစွာနှင့် ဝန်ထမ်းများ စွာ ခန့်ထားအုပ်ချုပ်ဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ပါကြောင်း၊ ယခု အချိန် အခါတွင် နိုင်ငံပိုင်သိုလှောင်ရုံများစွာ ကို ပုဂ္ဂလိကပိုင် ပြုလုပ်ရောင်းချပေး ခဲ့သည့်အတွက် အစိုးရဌာနများတွင် သိုလှောင်ရန် အခက်အခဲရှိပါကြောင်း၊ ထို့အပြင် သီးနှံအရည်အသွေး အမျိုး အစား သတ်မှတ်ထိန်းသိမ်းရေး ကိစ္စ များ၌ အငြင်းပွားမှုများ၊ မလိုလားအပ် သော အလေအလွင့်နှင့် မသမာမှု ပြဿနာများ မဖြစ်ရအောင် စီမံခန့်ခွဲ အုပ်ချုပ်နိုင်မှုပမာဏ ကြီးမား ကျယ်ပြန့်သည့်အတွက် နိုင်နိုင်နင်းနင်း လုပ်နိုင်၊ မလုပ်နိုင် အလေးအနက် စဉ်းစားတွက်ချက်စီမံရန် အချိန်ယူ ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ၌ လေးငါးလဖြင့် စိုက်ပျိုးထွက်ရှိသည့် သီးနှံများကို ပိုမိုဈေးရအောင် တန်ဖိုး မြှင့် ထုတ်ကုန် (Value Added) အဖြစ် သန့်စင်ချောလုပ်ပြီး လတ်လတ် ဆတ်ဆတ်ဖြင့် ဈေးကွက်၌ ရောင်းနိုင် အောင်၊ ဈေးကောင်းရအောင် ကြိုးစား နေကြချိန်တွင် မိမိတို့က အချိန်ကြာ သိုလှောင်ထားလျှင် အရည်အသွေးကျ၊ ဈေးကျ၊ အလေးချိန်လျော့၊ ပိုးထိုး တတ်သည့် သဘာဝကြောင့် ကုန်ကျ စရိတ် ပိုမိုပြီး ဈေးမရသည့်အခြေအနေ မျိုး မရောက်စေရေး များစွာစဉ်းစားရ မည်ဖြစ်ပါကြောင်း၊ ဈေးကွက်၌လည်း ကုန်လည်ပတ်မှု (Commodity Flow)၊ ငွေလည်ပတ်မှု (Capital Flow)သည် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးပါသည့် အချက်ဖြစ်၍ ကုန်စည်စီးဆင်း ကူးသန်းရောင်းဝယ်မှု မြန်မြန်လုပ်နိုင် လေ အကျိုးစီးပွား ဖြစ်ထွန်းလေ ဖြစ်သည်ကို စဉ်းစားတွက်ချက်ရန် လိုအပ်မှာ ဖြစ်ပါကြောင်း။

စီးပွားရေးနှင့် ကူး သန်း ရောင်း ဝယ်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဦး တင် နိုင် သိန်း ပြန်လည်ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန၏ သဘောထား မှတ်ချက်ကို ရယူရာတွင်လည်း သင့်တင့်သော ထိန်းသိမ်းခ သတ်မှတ် ၍ အစိုးရနှင့်ပုဂ္ဂလိကတို့ထံ တရားဝင် အပ်နှံထားခွင့်ပြုပြီး စပါးဈေးကောင်း ရသည့်အခါ ပြန်လည်ထုတ်ယူ ရောင်း ချနိုင်ပါက ကျေးလက် စီးပွားရေး တိုးတက်မှုကို အားဖြည့်ပေးနိုင်မည်ဟု ယူဆဖွယ်ရှိသော်လည်း အကောင် အထည်ဖော်ဆောင်ရွက်ရာ၌ ကောင်းမွန် သည့် သိုလှောင်ရုံများ အလုံအလောက် မရှိခြင်း၊ စပါးမျိုးကွဲ အရေအတွက် များပြားသည့်အတွက် ခွဲခြားထိန်းသိမ်း ရန် ခက်ခဲခြင်း၊ အရင်းအနှီး ကြီးမား ခြင်း၊ တောင်သူလယ်သမားများ၏ ယုံကြည်စိတ်ချအားထားမှု တည်ဆောက် ရန် အချိန်များစွာ လိုအပ်ခြင်း၊ တောင်သူလယ်သမားများ အနေဖြင့် ငွေကြေးအခက်အခဲရှိ၍ ဈေးကောင်း ရသည်အထိ မစောင့်ဆိုင်းနိုင်ခြင်း၊ သိုလှောင် သိမ်းဆည်းထားသော်လည်း သီးနှံ ဈေးကောင်းရမည်၊ မရမည် သေချာမှုမရှိခြင်းနှင့် အပျက်အစီး၊ အလေအလွင့်နှင့် အလျော့မရှိအောင် ထိန်းသိမ်းရန် ခက်ခဲခြင်း စသည့် အခက်အခဲများကို တွေ့ကြုံရမှာဖြစ် ကြောင်း ဖော်ပြ ပြန်ကြားထားပါ ကြောင်း။

သို့ဖြစ်ပါ၍ ဦးအောင်ဇင်၏ အဆိုတင်ပြချက်များသည် တောင်သူ လယ်သမားများ၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်နိုင်ရန်၊ သီးနှံ များဈေးကောင်းရရှိစေရန် တင်ပြ သည့် ရည်ရွယ်ချက်ကောင်းမွန်သော် လည်း အစိုးရပိုင်းရော၊ ပုဂ္ဂလိကပိုင်း ၌ပါ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တွေ့ကြုံလာနိုင်သည့် အခက်အခဲပြဿနာ များစွာရှိသည့် အတွက် ၎င်းအဆိုကို ဆောင်ရွက်ရန် မသင့်ပါကြောင်း ရှင်းလင်းဆွေးနွေး သည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ၏ အဆိုအပေါ် ဆွေးနွေးသူ (၄)ဦးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးပြီးဖြစ်သည့်အတွက် အားလုံးနားလည် သဘောပေါက်ကြ ပြီးဖြစ်ပါကြောင်း၊ ဆွေးနွေးကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားရ မည်ဖြစ်သကဲ့သို့ အများပြည်သူ၏ အကျိုးစီးပွားများကိုလည်း လေးစားရ မည် ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေး ချက်များအပေါ် ဦးအောင်ဇင်၏ သဘောထားကို သိလိုပါကြောင်း မေးမြန်းသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် က ပါဝင်ဆွေးနွေးသူများ၏ ဆွေးနွေး ချက်များနှင့် ဝန်ကြီး၏ အသေးစိတ် ရှင်းလင်းဆွေးနွေးချက်များကို ကျေးဇူး တင်ပါကြောင်းနှင့် မိမိ၏အဆိုကို ရုပ်သိမ်းပါကြောင်း တင်ပြသည်။

ယင်းသို့ ကာယကံရှင်က မိမိ၏ အဆိုကို ပြန်လည်ရုပ်သိမ်းလိုကြောင်း တင်ပြခြင်းအပေါ် လွှတ်တော်က သဘောတူသည့်အတွက် ဦးအောင်ဇင် ၏အဆိုကို ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏အဆိုကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းဆွေးနွေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပြန်လည် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ယခင်လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **"ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းနေသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး အကောင်းဆုံးနည်းလမ်းချမှတ်ဆောင်ရွက်ပေးနိုင်ရန်"** အဆိုကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆွေးနွေးရာ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဦးတည်ချက်နှင့်အညီ နိုင်ငံတော်၏ ကျန်းမာရေးဆိုင်ရာ အမြင့်ဆုံးအဖွဲ့ဖြစ်သော အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးကော်မတီကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွှယ်ဝန်ကြီးဌာနများမှ ဝန်ကြီး (၉)ဦး၊ ဒုတိယဝန်ကြီး (၂)ဦးနှင့် အခြားအရေးကြီးဌာနမှ (၂)ဦးတို့ အပါအဝင် အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ မူဝါဒများ၊ တာဝန်များကိုလည်း ပီပြင်စွာ ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးကော်မတီသည် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ပြီး လိုအပ်သော မူဝါဒများ၊ ဥပဒေများ လိုက်နာကျင့်သုံးရန် မူဝါဒချမှတ်ပေးသော အဖွဲ့ဖြစ်ပါကြောင်း၊ ၎င်းအပြင် တိုင်းပြည်တွင် ဖြစ်ပေါ်လျက်ရှိသော ကျန်းမာရေးဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်ရန် အတွေ့အကြုံရင့်ကျက်သော မြန်မာ့ဆေးပညာရှင်ကြီးများနှင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ကလည်း ကျန်းမာရေးကဏ္ဍတွင် အကြံပေးဆောင်ရွက်လျက်ရှိပါကြောင်း။

အခြားဆေးပညာဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း စသည့် အသင်းများကလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ပြည်သူများအတွက် ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရည်မှန်းချက်များအနေဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေးဟူ၍ ချမှတ်ထားပါကြောင်း၊ အဆိုပါ ရည်မှန်းချက်(၂)ရပ် ပြည့်မီရရှိရေးအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို အခြေခံ၍ ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်း လက်လှမ်းမီရရှိစေရန် မြို့ပြနှင့် ကျေးလက်ဒေသများသာမက မဖွံ့ဖြိုးသေးသော နယ်စပ်ဒေသများအားလုံးကို လွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးကော်မတီက ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများနှင့် ပတ်သက်၍ ပြည်သူများ၏ ကျန်းမာရေးအသိပညာများ နိုးကြားအောင် ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ချင်းပြည်နယ်၏ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခုတင် (၂၀၀)ဆံ့ ဆေးရုံ (၂)ရုံ၊ ခုတင် (၁၀၀)ဆံ့ဆေးရုံ (၂)ရုံ၊ ခုတင် (၅၀)ဆံ့ ဆေးရုံ (၁)ရုံ၊ (၂၅)ခုတင်ဆံ့ဆေးရုံ (၄)ရုံ၊ တိုက်နယ်ဆေးရုံ (၁၅)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၅၇)ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန (၉)ခု၊ ကျောင်းကျန်းမာရေးအဖွဲ့ (၂)ဖွဲ့၊ တိုင်းရင်းဆေးကုဌာန (၈)ဌာနတို့ဖြင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် သူနာပြုသင်တန်းကျောင်း ဖွင့်လှစ်၍ သင်တန်းသူများ မွေးထုတ်ပေးလျက်ရှိပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လုပ်ငန်းစဉ်ကြီး (၅)ရပ် ချမှတ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီကို ဖွဲ့စည်းပေးလျက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်သည့် ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးမှုကို စီမံချက်ချ ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီသည် ကျန်းမာရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပြဋ္ဌာန်းချက်များကို အခါအားလျော်စွာ ထုတ်ပြန်၍ ချမှတ်ထားသော ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆေးကုသရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအပြင် ကပ်ရောဂါဖြစ်ပွားမှုများအား ထိန်းချုပ်နှိမ်နင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လမ်းညွှန်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ ကိုယ်စားလှယ်တော်ကြီးက ယခုရှင်းလင်းဖြေကြားချက်များကို သိရှိနားလည်နိုင်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်ကြီးတင်သွင်းသော အဆိုကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်တော့မည်မဟုတ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်က မိမိ၏အဆိုကို ရုပ်သိမ်းရန်အတွက် လွှတ်တော်၏ အများဆန္ဒဖြင့်သာ အဆုံးအဖြတ်ခံယူလိုကြောင်း တင်ပြသည်။

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **"ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းနေသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး အကောင်းဆုံးနည်းလမ်းချမှတ် ဆောင်ရွက်ပေးနိုင်ရန်"** အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့်နည်းဖြင့် အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ (၂၀)၊ ကန့်ကွက်မဲ (၁၇၂)မဲ၊ ကြားနေမဲ (၁၉)မဲ ဖြစ်သည့်အတွက် ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောမတူကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏အဆိုကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ယခင်လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **"ကျောင်းဆင်းပြီးဖြစ်သော ချင်းအမျိုးသား ဆရာဝန်များအား ဆမ အမြန်ချပေးပါရန်နှင့် ချင်းပြည်နယ်တွင် ဆရာဝန်များလိုသော ဒေသများသို့ စေလွှတ်ပေးပါရန်"** အဆိုကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆွေးနွေးရာ ယခင်က ဆေးတက္ကသိုလ်များမှ သတ်မှတ်အရည်အချင်းပြည့်စုံပြီး ဆရာဝန်ဘွဲ့ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များအား နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ် တာဝန်ထမ်းဆောင်ပြီးမှသာ ဆရာဝန်မှတ်ပုံတင် (ဆမ) ထုတ်ပေးခဲ့ပါကြောင်း၊ ၂၀၀၉ ခုနှစ်မှစတင်၍ ဆရာဝန်ဘွဲ့ အပ်နှင်းခြင်းခံရသော ဆရာဝန်များအား မွမ်းမံသင်တန်း တက်ရောက်စေပြီး (ဆမ) ထုတ်ပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ သင်တန်းပေးပြီး (ဆမ) ထုတ်ပေးခဲ့သည့် ဆရာဝန်ပေါင်းမှာ (၅၄၉၈) ဦးနှင့် သွားဘက်ဆိုင်ရာ ဆရာဝန် (သခ) (၈၉၈)ဦး ရှိပါကြောင်း၊ ၂၀၁၀ ခုနှစ်နောက်ပိုင်း ဘွဲ့ရပြီးသည့် ဆရာဝန်များကိုလည်း မကြာမီ အဆိုပါ သင်တန်းများပေး၍ (ဆမ)များ ထုတ်ပေးသွားရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် (ဆမ)များ ထုတ်ပေးခြင်းကို ဆေးတက္ကသိုလ်များမှ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံ၍ ဆရာဝန်ဘွဲ့ အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ်များနှင့် ချင်းအမျိုးသား ဆရာဝန်များ အပါအဝင် တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ချင်းပြည်နယ်၌ ဖွင့်လှစ်ထားသည့် ဆေးရုံ အသီးသီးတွင် လိုအပ်သော အထူးကု ဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များကို ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဆရာဝန်၊ ဝန်ထမ်း အင်အားအပေါ် မူတည်၍ ခန့်ထားပေးလျက်ရှိပါကြောင်း၊ ဖွင့်လှစ်ထားသည့် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး (၂)ရုံ၊ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ (၂)ရုံတွင် အထူးကုဘာသာရပ်များ ပြည့်စုံအောင် ဆရာဝန်များအား ခန့်အပ်တာဝန်ပေးလျက်ရှိပြီး ကျန်သောအခြားဆေးရုံများ၌လည်း ဆရာဝန်များခန့်ထားပေးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ချင်းပြည်နယ်သို့ တာဝန်ဖြင့် သွားရောက်အမှုထမ်းမည့် ဆရာဝန်များအား ချင်းပြည်နယ်တွင် ကာလအပိုင်းအခြားဖြင့်သာ တာဝန်ထမ်းဆောင်စေပြီး ၎င်းတို့ တာဝန်ထမ်းဆောင်မှုကာလ ပြီးဆုံးပါက ၎င်းတို့ နှစ်သက်ရာဒေသသို့ တာဝန်ချပေးလျက်ရှိပါကြောင်း၊ ၎င်းအပြင် ရာထူးများ တိုးပေးရာ၌လည်း ချင်းပြည်နယ်သို့ သွားရောက် တာဝန်ထမ်းဆောင်သော ဆရာဝန်များအား အထူးကိစ္စတစ်ရပ်အနေဖြင့် လုပ်သက်မပြည့်မီ ရာထူးများ တိုးပေးလျက်ရှိပါကြောင်း၊ နိုင်ငံခြားသို့ လေ့လာရေးခရီးများ၊ နိုင်ငံခြားတွင် Government to Government အစီအစဉ်ဖြင့် သွားရောက်တာဝန်ထမ်းဆောင်မည်ဆိုပါကလည်း ချင်းပြည်နယ်တွင် အမှုထမ်းဆောင်ခဲ့ဖူးသော ဆရာဝန်များအား ဦးစားပေးပြီး အခွင့်အရေးများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် ဘွဲ့လွန်သင်တန်းများ တက်ရောက်ရန် စာမေးပွဲများဖြေဆိုပါကလည်း အထူးကိစ္စတစ်ရပ်အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဤအစီအစဉ်များသည် ချင်းပြည်နယ်သို့ တာဝန်ကျသော ဆရာဝန်များ လိုလိုချင်ချင် သွားရောက် တာဝန်ထမ်းဆောင်နိုင်စေရန် ဝန်ကြီးဌာနက အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ ချင်းပြည်နယ်တွင် တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်သော စားဝတ်နေရေး၊ သွားလာရေးကိစ္စရပ်များကို ဒေသအာဏာပိုင် အဖွဲ့အစည်းများက ကူညီဆောင်ရွက်မည်ဆိုပါက ကျန်းမာရေးဝန်ထမ်းများ ပိုမိုပျော်ရွှင်စွာဖြင့် ဒေသ၏ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာတစ်ပြည်လုံးတွင် လက်ထောက် ဆရာဝန် (၂၀၁၄)ဦးနှင့် သွားဘက်ဆိုင်ရာ ဆရာဝန် (၁၈၅)ဦးအား မကြာမီခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဆရာဝန်များ ခန့်ထားသည့်အခါ ချင်းပြည်နယ်အတွက် လိုအပ်သောဆရာဝန်များကိုလည်း ထပ်မံဖြည့်စွက် ခန့်ထားပေးမည် ဖြစ်ပါကြောင်း။

ချင်းပြည်နယ်ရှိ ကျေးရွာများတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသော သားဖွားဆရာမများကိုလည်း ဝန်ကြီးဌာနက တာဝန်ချထားပေးခြင်းပင် ဖြစ်ပါကြောင်း၊ ဆရာဝန်များကို တာဝန်ပေးအပ်ရာတွင်လည်း သက်ဆိုင်ရာ ဆရာဝန်၏ ဇာတိဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုသာ ပြန်လည်တာဝန်ပေးခြင်း ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်မှ ချင်းတိုင်းရင်းသား ဆရာဝန်အား အခြားပြည်နယ်သို့ တာဝန်ချထားပေးခြင်း မရှိပါကြောင်း၊ တိုက်နယ်ဆေးရုံများတွင် ဆရာဝန်အမြဲရှိနေစေရန်အတွက် ဆရာဝန်များအား (၃)လတစ်ကြိမ် လဲလှယ် တာဝန်ချထားပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ မိမိ၏ ရှင်းလင်းဆွေးနွေးချက်သည် ပြည့်စုံသည်ဖြစ်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ အဆိုကို ပြန်လည်ရုပ်သိမ်းပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုတင်သွင်းခဲ့သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးအနေဖြင့် ချင်းပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ သို့ရာတွင် ချင်းပြည်နယ်ရှိ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဆရာဝန်များ၊ ကျန်းမာရေးမှူးများ မရှိဘဲ ဖြစ်နေပါကြောင်း၊ ရာသီဥတုနှင့် ဒေသအခြေအနေကြောင့် အခြားဒေသမှ ဆရာဝန်များ မနေနိုင်သည်ကို တွေ့ရ၍ ဒေသခံဆရာဝန်များအား ခန့်ထားပေးပါက ပိုမိုသင့်လျော်မည်ဟု ထင်မြင်ယူဆပါသဖြင့် ယခုအဆိုကို တင်ပြခြင်းဖြစ်ပါကြောင်း၊ မိမိ၏ အဆိုနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၏ အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ပါကြောင်း တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဦးပေါ်လျှံလွင်၏ အဆိုတွင် ပေါင်းစပ်ပါဝင်သည့် **"ကျောင်းဆင်းပြီးဖြစ်သော ချင်းအမျိုးသားဆရာဝန်များအား ဆမ အမြန်ချပေးပါရန်"** ဟူသော ပထမအဆိုကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားပြီးဖြစ်သည့်အတွက် ယင်းအဆိုကိုပြန်လည်ရုပ်သိမ်းကြောင်းနှင့် **"ချင်းပြည်နယ်တွင် ဆရာဝန်များလိုသော ဒေသများသို့ စေလွှတ်ပေးပါရန်"** ဟူသော ဒုတိယအဆိုသည် လက်ရှိ ဆောင်ရွက်ဆဲနှင့် ဆက်လက် ဆောင်ရွက်မည့်အပိုင်းဖြစ်ပါသဖြင့် ယင်းအဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ကြေညာသည်။ **(သတင်းစဉ်)**

၁၉၇၈ ခုနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

၁၉၇၈ ခုနှစ် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် နောက်ဆုံးနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၆ ရက် ညနေ ၆ နာရီတွင် M-3 Restaurant ၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သော ကျောင်းသားဟောင်းများ၏ သားသမီးများကိုပါ ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ရာ ဦးမြထူး၊ ဦးကျော်ထူး ဖုန်း- ၅၅၈၄၆၁၊ ဦးနေဝင်း ဖုန်း-၂၉၅၁၀၃၊ ဦးအောင်မြ ဖုန်း-၀၉-၅၁၀၆၆၃၁၊ ဦးဟံငြိမ်း ဖုန်း-၂၀၂၈၀၊ ဦးမြင့်ဖုန်း ဖုန်း-၂၂၂၆၁၃၊ ဦးအောင်ကြိုင် ဖုန်း-၀၉-၅၀၀၂၉၇၄၊ ဦးဇေမျိုးလှိုင် ဖုန်း-၀၉-၈၀၃၂၄၅၈၊ ဦးအောင်မြင့်ကျော် ဖုန်း-၃၇၄၆၄၂၊ ဦးသောင်းလွင် ဖုန်း-၀၉-၅၁၁၈၆၅၀၊ ဦးမင်းအောင် ဖုန်း- ၀၉-၅၁၁၁၆၄၄၊ ဦးစည်အောင် ဖုန်း-၀၉-၅၀၁၉၁၄၀၊ ဦးလှရွှေ ဖုန်း-၀၉-၅၀၉၂၆၁၆၊ ဦးယောလှိုင် ဖုန်း-၀၉-၅၁၆၃၁၈၇၊ ဦးအောင်ကျော်ထွန်း ဖုန်း-၅၅၈၃၀၇၊ ဦးတင်အောင်မြင့် ဖုန်း-၅၁၂၁၆၁ တို့ထံသို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၅)**

ကတ္တရာခင်း

ကွတ်ခိုင်မြို့နယ် ရပ်ကွက်(၃) လွယ်အွန်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၃ ရက်က အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မျိုးတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးယိုင်ဆိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က မူလက တင်ပြထားသည့် ၎င်း၏အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲပေးပါရန် ပြင်ဆင်တင်ပြ

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်က အမျိုးသားလွှတ်တော်သို့ တင်သွင်းရန် မူလကတင်ပြထားသည့် အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲပေးပါရန် ပြင်ဆင်တင်ပြသည်။

"ချင်းပြည်နယ်ရှိ ရေဇွာမြို့နယ်ခွဲကို မြို့နယ်အဆင့်သို့ တိုးမြှင့်ပေးပါရန်" အဆိုကို အမျိုးသားလွှတ်တော်သို့ တင်သွင်းရန် တင်ပြထားသည့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ရေဇွာမြို့သည် ချင်းပြည်နယ်၏ အလယ်ဗဟိုကျသောမြို့ဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ မြို့နယ်ခွဲအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ယင်းမြို့သည် ဂန့်ဂေါမြို့မှ (၁၀၅)မိုင်၊ အိန္ဒိယနယ်စပ်မှ (၄၅)မိုင်၊ ဟားခါးမြို့နှင့် ထန်တလန်မြို့တို့မှ (၁၀၅)မိုင်၊ မတူပီမြို့မှ (၆၆)မိုင် ကွာဝေးပြီး မြို့ဧရိယာအကျယ်အဝန်းမှာ ဧက (၉၀၀၀)ခန့်ရှိမည်ဖြစ်ပါကြောင်း၊ အစိုးရအဆက်ဆက်က မြို့နယ်အဆင့်သတ်မှတ်ရန် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ လောလောဆယ်တွင် မြို့နယ်ခွဲအဆင့်ဖြစ်၍ ဌာနဆိုင်ရာရုံးများ၊ အထက်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံ စသည်တို့ကိုဖွင့်လှစ်ထားပြီး မြို့ပေါ်နေလူဦးရေ (၂၀၀၀)ခန့် ရှိပါကြောင်း၊ မြို့နယ်အဆင့်သတ်မှတ်ရန် ခက်ခဲမှုမရှိနိုင်ဟု ထင်မြင်ပါကြောင်း။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ပေါ်ပေါက်လာပြီ ဖြစ်သည့်အတွက် ပြည်နယ်ကိစ္စရပ်များကို ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြရမည်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတင်သွင်းမည့်အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ပြင်ဆင်တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲသတ်မှတ်ခွင့်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၈/၂၀၁၁)ကို ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈/၂၀၁၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၈/၂၀၁၁)
၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၁၆ ရက်)

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း

၁။ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၅ နှင့် နည်းဥပဒေများ အပိုဒ် ၇၇ တို့အရ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေသတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရမည်ဖြစ်သည်။

၂။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေနှင့်အညီ တင်သွင်းရန် ပျက်ကွက်သူများအား အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့် မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခဲ့သည်။

၃။ ရွေးကောက်ပွဲခုံအဖွဲ့မှ အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၃ (က) အရ အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့သည်-

စဉ်	လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်	ရွေးကောက်ပွဲ ကိုယ်စားလှယ် အမည်	မဲဆန္ဒနယ်
(က)	ဦးကိုကိုနိုင်	မရှိ	တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(ခ)	ဦးသန်းထွန်း	ဦးမောင်ဝင်း	ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(ဂ)	ဦးကြီးမြင့်	မရှိ	ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(ဃ)	ဒေါက်တာမင်းမြင့်	မရှိ	ကမာရွတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(င)	ဦးထွန်းရွှေ	ဦးသော်တာ	ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(စ)	ဦးလုံးစိန်	ဦးထွန်းမြင့်	မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(ဆ)	ဦးတင်လင်း	မရှိ	ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(ဇ)	ဦးအောင်ကျော်ဝင်း	မရှိ	ဒလမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(ဈ)	ဦးသိန်းအောင်	မရှိ	ကိုကိုးကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(ည)	ဦးညွန့်ရွှေ	ဦးမောင်မောင်ငြိမ်း	မှော်ဘီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(ဋ)	ဦးခင်မောင်ထွေး	ဦးဇော်မင်းထွေး	လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(ဌ)	ဦးစောစိုင်းနေဖွိုင်း	မရှိ	မှော်ဘီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(ဍ)	ဦးမိုးထွန်း(ခ) ဦးမိုးမြင့်အောင်	မရှိ	အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး
(ဎ)	ဦးထွန်းမင်းလတ်	မရှိ	အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး
(ဏ)	ဦးကျော်ကျော်မင်း	မရှိ	အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး
(တ)	ဦးတင့်နိုင်	မရှိ	အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၄) ရန်ကုန်တိုင်းဒေသကြီး
(ထ)	ဦးကျော်သိန်း	ဦးကျော်တင့်နိုင်	အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၅) ရန်ကုန်တိုင်းဒေသကြီး
(ဒ)	ဦးစန်းမြင့်	မရှိ	အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၆) ရန်ကုန်တိုင်းဒေသကြီး
(ဓ)	ဦးသိန်းဇော်ညွန့်	ဒေါ်ရွှေမိုးယံညွန့်	အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၇) ရန်ကုန်တိုင်းဒေသကြီး
(န)	ဦးတင့်ဆွေ	ဦးမြရွှေ	အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁၁) ရန်ကုန်တိုင်းဒေသကြီး
(ပ)	ဒေါ်ယဉ်မေ	ဒေါ်နုအေးဝင်း	ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(ဖ)	ဦးထွန်းရွှေ	ဦးအောင်တင်	ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(ဗ)	ဦးကျော်လှိုင်	ဒေါ်သူဇာသန်း	ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(ဘ)	ဦးတင်ဝင်း	ဦးမျိုးမြင့်	ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(မ)	ဦးညွန့်တင်	ဦးမြင့်ရီ	မြောက်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(ယ)	ဦးဦးကြည်	မရှိ	ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(ရ)	ဦးသန်းရွှေ	ဦးသန့်ဇင်ဦး	ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(လ)	ဦးစိုးဝင်း	ဦးမိုးသူ	မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(ဝ)	ဦးထွန်းဦး	မရှိ	ကျောက်တန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(သ)	ဦးသာနို့အောင်	ဦးလှတင်	ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(ဟ)	ဦးစောလှိုင်	မရှိ	ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(ဠ)	ဦးစောအောင်ဖေယျ	မရှိ	မှော်ဘီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(အ)	ဦးစောမောင်တုတ်	မရှိ	မှော်ဘီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(ကက)	ဦးစိုးမိုးဦး	မရှိ	မှော်ဘီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး
(ခခ)	ဦးစောတာကပေါ	ဦးစောကော်ထူးဝါ	ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော် ရန်ကုန်တိုင်းဒေသကြီး

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကိုစိစစ်၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၄ အရ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာလိုက်သည်။

၅။ ယင်းသို့ အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၈ အရ ယခုကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းအတွက် ကျင်းပသည့် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းကိုလည်း အသိပေးကြေညာလိုက်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အောက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၁၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး၊ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၁၀ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီးတွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၁၁ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ မောင်တောမြို့တွင် ၃၆ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မတ် ၁၇ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်မှု(၂)ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား တရုတ်ကုမ္ပဏီသြည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dongfeng Chaoyang Diesel Co.,Ltd. President Mr. Zhao Haigang နှင့် အဖွဲ့သည် မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် (၃၀)ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ပဲခူးတိုင်းဒေသကြီး သာဂရစက်မှုနယ်မြေတွင် အကောင်အထည်ဖော်လျက်ရှိသည့် အဆင့်မြင့်ဒီဇယ်အင်ဂျင်များ ထုတ်လုပ်မှု စီမံကိန်းနှင့် ပတ်သက်၍ နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာလွှဲပြောင်းနိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် Dongfeng Chaoyang Diesel Co.,Ltd. President Mr. Zhao Haigang နှင့်အဖွဲ့သည် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄) အထွေထွေအကြီးစား စက်မှုလုပ်ငန်းသို့ သွားရောက်၍ အဆင့်မြင့်ဒီဇယ်အင်ဂျင်များ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာပြီး စက်ရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

17-3 (11).pmd 1 3/17/2011, 3:13 AM

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်

စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို အဆိုတင်သွင်းစဉ်။
(သတင်းစဉ်)

နေပြည်တော် မတ် ၁၆

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက အသစ်တင်သွင်းသော အဆိုများကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူသည်။

အဆိုတင်သွင်း

ရှေးဦးစွာ စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညိုက **"မဟာဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အား ရရှိထားပြီးသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များနည်းတူ မရရှိသေးသည့် အချို့သော တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ လျှပ်စစ်မီတာခနှုန်းထားများကို တစ်ပြေးညီ နှုန်းထားဖြင့် ကောက်ခံခြင်းပြုပါရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ထောက်ခံပါကြောင်း တင်ပြသည်။

အဆိုတင်သွင်း

မရမ်းကုန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပွင့်ဆန်း အဆိုတင်သွင်းစဉ်။
(သတင်းစဉ်)

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်သည်။

ကြေညာ

စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၂၁ ရက် (တနင်္လာနေ့) ပြည်သူ့လွှတ်တော် အစည်းအဝေး (၁၂) ရက်မြောက်နေ့တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မရမ်းကုန်းမဲဆန္ဒနယ်မှ ဦးပွင့်ဆန်းက **"နိုင်ငံတကာအဆင့်မီ လူမှုဖူလုံရေးဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးပါရန်"** အဆိုကို တင်သွင်းသည်။

ဦးပွင့်ဆန်းက အဆိုတင်သွင်းရာ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၉၆ အရ ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဇယား ၁ အပိုဒ် ၉၊ လူမှုရေးကဏ္ဍ၏ အပိုဒ်ခွဲ (ထ)၌ လူမှုဖူလုံရေးနှင့် ပတ်သက်သည့် ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဖော်ပြပါရှိပါကြောင်း။

ထို့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄ ၌ နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟု လည်းကောင်း၊ ပုဒ်မ ၂၆ (ခ)၌ နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရှုအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်ဟုလည်းကောင်း၊ ပုဒ်မ ၂၈ (က) ၌ ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးတိုးတက်ရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၁၌ နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၂ (က)၌ နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသွားသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၅၁ ၌ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်ဟုလည်းကောင်း ဖော်ပြထားပါကြောင်း။

လက်ရှိ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေသည် အာမခံထားရှိသည့် အလုပ်သမားများအပေါ် မမာမကျန်းမှု၊ မီးဖွားမှု၊ အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများအတွက်သာ အကျိုးခံစားခွင့်များ ပေးနိုင်ခြင်းကြောင့်တစ်ကြောင်း၊ ရရှိသည့် အကျိုးခံစားခွင့် ငွေပမာဏများသည် မျက်မှောက်ခေတ်အခြေအနေနှင့် နှိုင်းယှဉ်မည်ဆိုလျှင် နည်းပါးနေခြင်းကြောင့် တစ်ကြောင်း အလုပ်ရှင်နှင့် အလုပ်သမားအများစုတို့၏အားကိုးယုံကြည်မှုကို ထိုက်သင့်သလောက် မရရှိသည့်အခြေအနေကို တွေ့ရှိရပါကြောင်း၊ ယင်းသို့အခြေအနေများကြောင့် မြန်မာနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားအင်အားများနှင့် နှိုင်းယှဉ်လျှင် လူမှုဖူလုံရေးစီမံကိန်းအကျုံးဝင်နေသော အလုပ်သမားအင်အား (၅)သိန်းကျော်သာရှိနေသေးပါကြောင်း၊ လူမှုဖူလုံရေးစီမံကိန်းများ၌ အလုပ်သမားများ ပို၍ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရေးအတွက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် လိုအပ်နေပြီဟု သုံးသပ်တင်ပြလိုပါကြောင်း။

အချို့အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်တို့တွင် ကျင့်သုံးလျက်ရှိသည့် လူမှုဖူလုံရေးစီမံကိန်းများနည်းတူ လက်ရှိ ခံစားခွင့်ရှိနေသော အကျိုးခံစားခွင့် အမျိုးအစားများအပြင် မမာမကျန်းမှုကြောင့် မသန်စွမ်းဖြစ်ပါက ခံစားခွင့်များ၊ အသက်အရွယ်ကြီးရင့်မှုကြောင့် အလုပ်မလုပ်နိုင်တော့သည့်အချိန်တွင် အငြိမ်းစားငွေကြေး အကျိုးခံစားခွင့်နှင့် သေဆုံးအလုပ်သမားများ၏ ကျန်ရစ်သူမိသားစုခံစားခွင့်များ၊ မိမိ၏ ဆန္ဒအလျောက်မဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် အလုပ်လက်မဲ့ဖြစ်ပါက အလုပ်လက်မဲ့ငွေကြေးအကျိုးခံစားခွင့်၊ ကျွမ်းကျင်မှုသင်တန်းများ သင်ကြားခွင့်နှင့် အလုပ်အကိုင်ရှာဖွေပေးခြင်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုကို အလုပ်သမားများသာမက ထည့်ဝင်ကြေးပေးသွင်းသည့် အလုပ်ရှင်များကိုပါ ခံစားခွင့်ပေးနိုင်မည့် ဥပဒေများပါဝင်သော လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ် ရေးဆွဲပြုစုရန်လိုအပ်မည်ဖြစ်ကြောင်း တင်ပြလိုပါကြောင်း။

သို့ဖြစ်ပါ၍ အထက်ပါလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည့် နိုင်ငံတကာအဆင့်မီ လူမှုဖူလုံရေး ဥပဒေသစ်တစ်ရပ်မူကြမ်းရေးဆွဲပြုစုပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးပါရန် အဆိုပြုတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုကို တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့်က ထောက်ခံပါကြောင်း တင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သင့် မသင့် ပြည်သူ့လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

မရမ်းကုန်းမဲဆန္ဒနယ်မှ ဦးပွင့်ဆန်း တင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၂၁ ရက် (တနင်္လာနေ့) ပြည်သူ့လွှတ်တော် အစည်းအဝေး (၁၂) ရက်မြောက်နေ့တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းမှုများ

၁၆-၃-၂၀၁၁

ရေးမြို့	ပုသိမ်မြို့
၄ ဒသမ ၂၉ လက်မ	၁ ဒသမ ၇၇ လက်မ
ငါးသိုင်းချောင်းမြို့	မော်ဘီမြို့
၁ ဒသမ ၈၅ လက်မ	၁ ဒသမ ၇၃ လက်မ

ဝါးခယ်မမြို့ မြို့မဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်းပါဝင်၍ မတ် ၆ ရက်က သရုပ်ပြလေ့ကျင့်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးထွန်း၊ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း လက်အောက်ရှိ စက်ရုံများမှ အသုံးမလို အလေအလွင့်ပစ္စည်းများ၊ ချည်ပိတ်ဖြတ်စများ၊ အထွေထွေပစ္စည်းဟောင်းများအား ချိပ်ပိတ်တင်ဒါဖြင့် ရောင်းချလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ကြော်ငြာအပ်ပါသည်-

တင်ဒါအမှတ် - ၁/၂၀၁၀-၂၀၁၁(အလေအလွင့်အရောင်း)
တင်ဒါပေးသွင်းရက် - ၁၈-၃-၂၀၁၁
တင်ဒါပိတ်ရက် - ၂၅-၃-၂၀၁၁

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါဌာနများတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊
ရုံးအမှတ် ၃၇၊ နေပြည်တော် ၊
မြန်မာ့အထည်အလိပ်လုပ်ငန်း၊ ရောင်းဝယ်ရေးဌာန၊
ဖုန်း-၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၁၅၇။

ငပလီဟိုတယ်ဇုန်အတွင်း မြေရောင်းမည်

ငပလီကမ်းခြေ ဟိုတယ်ဇုန်အတွင်းရှိ စီးပွားရေးလုပ်ကိုင်ရန် အကောင်းဆုံးနေရာနှင့် ငပလီကမ်းခြေအနီးနားရှိ ရင်းနှီးမြှုပ်နှံရန်သင့်သော မြေရောင်းမည်။

စုံစမ်းရန်-
ဖုန်း-၀၉-၅၀၄၀၂၄၄၊ ၀၉-၅၀၃၅၉၉၃။

အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ငွေကြယ်ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ တိုက်အမှတ် ၄၀၊ လက်ယာဘက်မြေညီထပ်နှင့် ပထမထပ် တိုက်ခန်းနှစ်ခန်းကို အခန်းပိုင်ရှင် ဦးမင်းနိုင်စိုး ၁၄/လမန(နိုင်)၀၀၀၅၆၉ ထံမှ ဒေါ်သန်းမြင့် ၁၂/ဥကတ(နိုင်)၁၀၁၈၄၂ က စရန်ပေးပြီး ဝယ်ယူရန် စီစဉ်ဆောင်ရွက်နေပါသည်။ မည်သူမဆို ပိုင်ရေးဆိုင်ခွင့်ရှိသူအနေဖြင့် ခုနစ်ရက်အတွင်း ဒေါ်သန်းမြင့်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်သန်းမြင့် ၁၂/ဥကတ(နိုင်)၁၀၁၈၄၂
၁၄၁၊ မိုးစွေလမ်း၊ ၁၄/၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရွှေပြည်သာမြို့နယ်တရားမရုံးတော်၌
၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၈ နှင့်ဆက်သွယ်သည့်
၂၀၁၁ခုနှစ် တရားမဇာရီမှုအမှတ်-၄

ခရိုင်မန်နေဂျာ	**နှင့်**	၁။ ဦးလှစိုး
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ကြူကြူမေ
အင်းစိန်မြို့။		
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

အမှတ် ၁၁၀(ခ)၊ယောမင်းကြီးလမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၁ခုနှစ် မတ် ၂၃ရက် (၁၃၇၂ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၁ခုနှစ် မတ် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်ထွေးထွေး(တ/၁၉၆၁)
မြို့နယ်တရားသူကြီး
ရွှေပြည်သာမြို့နယ်တရားရုံး။

အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၄၁၆ ဟုခေါ်တွင်သောမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ထူးလှိုင်
အထက်တန်းရှေ့နေ(စဥ်-၂၄၂၉၂)
ရုံး/အိမ်-အမှတ် ၂၊ ရဲရန်နိုင်လမ်း၊ (၃၆)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၁-၅၈၃၀၂၆။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၃၊ မြေကွက်တည်နေရာအမှတ် ၃၊ ရွှေသီရိ ၁ လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဒေါ်မေရီ အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဒေါ်မေရီ ကွယ်လွန်သဖြင့် ဦးအောင်မိုး(ခ)ဦးသောင်းရွှေ ISN-၂၃၂၆၈၀ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၂၅၊ မြေကွက်တည်နေရာအမှတ် ၂၅၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမောင်ဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်ဝင်း ကွယ်လွန်သဖြင့်ဒေါ်မြတ်လွင် ၁၂/ကတတ(နိုင်)၀၂၃၃၉၀ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ အကွက်အမှတ် ၃၄၊ ဦးပိုင်အမှတ်(၉)၊ ဧက ၃ ဒသမ ၇၆၁ဧက ရှိမြေသည် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အမည်ဖြင့် နှစ် ၃၀ အငှားဂရန်ကို(DORP NO-45/1930-1931)အရ ရရှိထားပါသည်။ အဆိုပါအငှားဂရန်စာချုပ်မှာ ပျောက်ဆုံးနေပါသဖြင့် အဆိုပါမြေအား ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအမည်ဖြင့် သက်တမ်းတိုးထုတ်ပေးမည်ဖြစ်၍ ကန့်ကွက်လိုသူများ ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြကန့်ကွက်နိုင်သည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။

ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)၊ ဝမ်မိုင်ရွာ၊ မြေဧရိယာ အကျယ်အဝန်း အလျားပေ၁၀၀×အနံပေ၁၀၀ ရှိ မြေကွက်ကြီးနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အုတ်ပတ်ကားဂိုဒေါင်ပျက်တစ်လုံးနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်သူ ဦးအိုက်ယောင်း ၁၃/တခလ(နိုင်)၀၀၉၆၃၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်စျေးစကား အပြီးအပြတ်ပြောဆိုပြီးဖြစ်၍ အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ပိုင်ဆိုင်သောစာချုပ်စာတမ်းအထောက်အထားနှင့်တကွ ယခုကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်သည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ အရောင်းအဝယ်ကိစ္စကိုပိုင်ဆိုင်သူ ဦးအိုက်ယောင်းနှင့် အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးလင်းအောင်
တရားရုံးချုပ်ရှေ့နေ (စဥ်-၃၉၄၃)
ဆန်ဆိုင်း(က)၊ ပုံလို့လမ်း၊ တာချီလိတ်မြို့။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်၉၈ဟုခေါ်တွင်သောမြေကွက်ပေါ်တွင် မူလအဆောက်အအုံဟောင်းအားဖြိုဖျက်၍ နှစ်ခန်းတွဲခြောက်ထပ်အဆောက်အအုံဆောက်လုပ်ရာတွင် မြေပိုင်ရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူချုပ်ဆိုခဲ့သည့်စာချုပ်အရ မြေပိုင်ရှင်ဘက်မှခံစားရရှိသည့် စတုတ္ထထပ်(ခေါင်ရင်းခြမ်း) ၁၄ဒသမ၅ပေ×ပေ၆၀အကျယ်အဝန်းရှိတိုက်ခန်းတစ်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဦးဖေဝင်း ၁၂/လမန(နိုင်)၀၁၁၀၆၁ နှင့် ဒေါ်ခင်ဝင်းမြင့် ၁၂/လမန(နိုင်)၀၁၁၀၆၂တို့က မြေပိုင်ရှင်ဒေါ်မြနှစ်ထံမှ ကြိုတင်ငွေပေးချေမှုစနစ်ဖြင့်ဝယ်ယူရန်အတွက် တိုက်ခန်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်း ပေးချေသည့်စာချုပ် ချုပ်ဆိုထားခဲ့ပြီးဖြစ်သည့်အတွက် အထက်ရည်ညွှန်းဖော်ပြလိပ်စာပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေများမသိရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းမှု ပြုလုပ်ခြင်းများ ပြုလုပ်ပိုင်ခွင့်မပြုကြောင်းနှင့် ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းသူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးချစ်ကိုကို
LL.B, H.G.P, Dip in Business Law
Dip in Applied Psychology,
Dip in Maritime Law WIPO (Switzerland)
တရားရုံးချုပ်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်းဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်
အမှတ် ၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၉၂၄။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၃၆/က၊ မြေကွက်တည်နေရာအမှတ် ၁၃၆/က၊ သူရ ၄လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးအောင်မောင်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်မောင်း ကွယ်လွန်သဖြင့် ဒေါ်ဘီ ၁၂/ဥကတ(နိုင်)၀၃၀၃၃၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ယဥ်ကျေးလိမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၆

*ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားဂေါပကနှင့် ဆုထူးပန်အဘိဓမ္မာအဖွဲ့တို့၏ စီစဉ်မှုဖြင့် ယဥ်ကျေးလိမ္မာသင်တန်းကို ဘုရားရင်ပြင်တော်ရှိ ရေးဟောင်း ဒေါ်သော့တန်ဆောင်း၌ မတ် ၂၆ ရက်မှ ဧပြီ ၅ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ အသက် ၁၀ နှစ်မှ ၁၇ နှစ်အရွယ် ကလေးလူငယ်များ တက်ရောက်နိုင်ကြပြီး ဂေါပကရုံး ဖုန်း-၅၄၂၁၇၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)***

တည်ဆောက်ဆဲ တန်ဆောင်းအတွက် ကွန်ကရစ်တိုင် လှူဒါန်းနိုင်

ရန်ကုန် မတ် ၁၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်တွင် ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)က ကြီးမှူး၍ ဆောက်လုပ်လျက်ရှိသည့် ၉၉၀၀ အာရုံခံ တန်ဆောင်းကြီး ကွန်ကရစ်တိုင်တစ်တိုင် ငွေကျပ် တစ်သိန်းငါးသောင်းဖြင့် တိုင်ခြောက်တိုင်အတွက်အားလုံးကိုဖြစ်စေ၊ တိုင်တစ်လုံးကိုဖြစ်စေ လှူဒါန်းလိုသူများသည် အဖွဲ့နာယက ဦးစိုးဝင်း (သတင်းထောက် စဥ့်ကူစိုးဝင်း) ဖုန်း-၆၄၃၈၂၆၊ ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၅၀၆၆၅၀၀၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသီ(တရားရုံးချုပ်ရှေ့နေ)၊ အတွင်းရေးမှူး ဦးခင်မောင်ညွှန့်(တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၅၀၈၁၉၁၁နှင့် တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုး (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(၀၁၇)**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်တော်နှင့် ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး သက်တမ်း(၂၃၁၈)မြောက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် မတ် ၁၂ရက်က မော်လမြိုင်မြို့ အောက်လမ်းမကြီးနေ ဦးထွန်းအောင်ဝင်း- ဒေါ်မိုးမိုးဝင်း၊ သမီး မဆုမြတ်ဝေ မိသားစုက ရွှေနှစ်ကျပ်သားတန်ဖိုး အလှူငွေကျပ် ၁၃၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းမြင့်၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့က လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၀၇)

တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးလုပ်သား သင်တန်းဖွင့်ပွဲ ယင်းမာပင်၌ကျင်းပ

ယင်းမာပင် မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ ပူးပေါင်းဖွင့်လှစ်သော တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးလုပ်သားသင်တန်းဖွင့်ပွဲကို မတ် ၅ရက် နံနက်၉နာရီက ယင်းမာပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးရုံး၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးစိုးလှိုင်က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းကာလ သုံးရက်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ အပါအဝင် အရေးကြီးသောတိရစ္ဆာန်ရောဂါ ၁၅မျိုးအား ကာကွယ်ခြင်း၊ ကုသခြင်းဆိုင်ရာများကိုပါ သင်ကြားပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ဖြူမြို့နယ် ဆားပြင်ကွင်း(၂)လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူစိုးနှင့် အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းတို့ မတ် ၁၁ ရက်က ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးညီညီဆွေ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Joseph S. Blatter နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အမှုဆောင်အရာရှိချုပ် ဦးသန်းဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Joseph S. Blatter နှင့်အတူ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ **Mr. Joseph S. Blatter** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကျင်းပ

မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများကိုဆွေးနွေးခြင်း၊ အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲပေးပါရန် သက်ဆိုင်ရာကိုယ်စားလှယ်က ပြင်ဆင်တင်ပြခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၁၆

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂၃) ဦး ရှိသည့်အနက် (၂၂၀) တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၅ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၆ ကော်လံ ၄ ✻